မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၃ ]   ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် ( ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၃ ရက် ) } သောကြာနေ့   [ အတွဲ ၇၃

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၂၃/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်း ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးကြီး ကျော်လင်းအောင် ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံ ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး) ဦးဝဏ္ဏဇော် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်း ခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်)

### ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်နှင့် တိရစ္ဆာန်များအားအရေးယူရန်ကိစ္စ

၁။ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင် ရာတွင် အသုံးပြုသည့်ယာဉ်နှင့် တိရစ္ဆာန်များကို ဖမ်းဆီးရမိပါက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ဖြင့် ထုတ်ပြန်ထားသည့် ပိတ်ပင် တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများသယ်ဆောင်ရာတွင် အသုံးပြု သည့်ယာဉ်နှင့် တိရစ္ဆာန်များအား အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ တိရစ္ဆာန်တို့နှင့်စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။။။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သော ၂၀၁၂ ခုနှစ်၊ မတ်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၈/၂၀၁၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်)

### ဝင်ငွေခွန်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **ဝင်ငွေခွန်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေ (မူကြမ်း)
## (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်၏ ဥပဒေအမှတ် ။)

၁၃၈၂ ခုနှစ်၊ လ ရက်

(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## နိဒါန်း

**အမည်နှင့် အကျိုးသက်ရောက်ခြင်း**

၁။ (က) ဤဥပဒေကို **၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့်မဆန့်ကျင်စေဘဲ ဤဥပဒေသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်ဖြစ်စေ၊ ယင်းနောက်တွင်ဖြစ်စေ စတင်မည့် အခွန်နှစ်များမှစ၍ အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေပါ ဝင်ငွေမှ နုတ်ယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**ရည်ရွယ်ချက်များ**

၂။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂိုလ်အားလုံး၏ ဝင်ငွေအပေါ် အခွန်စည်းကြပ်ခြင်းကို သာတူညီမျှမှုရှိစွာ ဆောင်ရွက်နိုင်စေရန်၊

(ခ) ပြည်ပနေပုဂ္ဂိုလ်များထံမှ အခွန်များကို ကောင်းမွန်စွာနှင့် ထိရောက်စွာ ကောက်ခံနိုင်စေရန်၊

(ဂ) အခွန်ရှောင်ရှားမှုကို ကာကွယ်နိုင်စေရန်၊

(ဃ) ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် စီမံအုပ်ချုပ်မှုဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ သတ်မှတ်ချက်များကို ဖြည့်စွက် ပြဋ္ဌာန်းပေးရန်၊

(င) ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်။

**အဓိပ္ပာယ်ဖော်ပြချက်များ**

၃။ (က) ဤဥပဒေတွင် အကြောင်းအရာနှင့် ရှေ့နောက်စကားရပ်တို့က အခြားအဓိပ္ပာယ်သက်ရောက်စေခြင်းမရှိလျှင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(၁) ရရန်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ **ရယူခြင်း** ဆိုသည်မှာ ပုဒ်မ ၇၇ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၂) **ငွေကြေးပမာဏ** ဆိုရာတွင် ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်လည်း ပါဝင်သည်။

(၃) **အလုပ်ရှင်က ထောက်ပံ့ပေးသည့် အသိအမှတ်ပြုထားသော ရန်ပုံငွေ** ဆိုသည်မှာ အောက်ပါတို့နှင့် ညီညွတ်ပြီး အလုပ်ရှင်ကဖြစ်စေ၊ ယင်း၏တွဲဖက် လုပ်ကိုင်သူကဖြစ်စေ တည်ထောင်ထားသည့် အငြိမ်းစားရန်ပုံငွေကို ဆိုသည်-

(ကက) စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့် အခြေအနေများနှင့် ကိုက်ညီခြင်း၊

(ခခ) ညွှန်ကြားရေးမှူးချုပ်က စည်းမျဉ်းများနှင့်အညီ အသိအမှတ်ပြုထားခြင်း။

(၄) **သတ်မှတ်ထားသည့်ပုံစံ** ဆိုသည်မှာ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ ဦးစီးဌာနက သတ်မှတ်ထုတ်ပြန်သည့် ပုံစံကို ဆိုသည်။

(၅) **အသိအမှတ်ပြုထားသော ရန်ပုံငွေ** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်-

(ကက) ဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုထားသည့် အစိုးရက ထည့်ဝင်သည့် ပင်စင်ရန်ပုံငွေ၊

(ခခ) အလုပ်ရှင်က ထောက်ပံ့ပေးသည့် အသိအမှတ်ပြုထားသော ရန်ပုံငွေ၊

(ဂဂ) စည်းမျဉ်းများအရ ပြဋ္ဌာန်းထားသည့် ရန်ပုံငွေ။

(၆) **လက်တစ်ကမ်းဆောင်ရွက်ချက် (arm's length transaction)** ဆိုသည်မှာ ပတ်သက်ဆက်စပ်မှုကင်းသည့် သီးခြားလွတ်လပ်သော ပုဂ္ဂိုလ်များအကြား ဆောင်ရွက်ချက်ကို ဆိုသည်။

(၇) **စည်းကြပ်ထိုက်သောဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၁၅ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၈) **ရရန်ပိုင်ခွင့်** ဆိုရာတွင် ဒြပ်ရှိ သို့မဟုတ် ဒြပ်မဲ့ရရန်ပိုင်ခွင့်၊ ငွေကြေး၊ ဂုဏ်သတင်း၊ အတတ်ပညာ၊ ပစ္စည်းဥစ္စာ၊ ဝင်ငွေရရှိပိုင်ခွင့် သို့မဟုတ် အနာဂတ်ကာလတွင် ဝင်ငွေရရှိပိုင်ခွင့်၊ ၁၂ လထက် ပိုမိုကြာမြင့်ပြီး တည်ရှိသည့်အကျိုးခံစားခွင့်နှင့် ရရန်ပိုင်ခွင့်တစ်ရပ်၏ အစိတ်အပိုင်းတို့လည်း ပါဝင်သည်။

(၉) **တွဲဖက်လုပ်ကိုင်သူ** ဆိုသည်မှာ ပုဒ်မ ၄ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၁၀) **လုပ်ငန်း** ဆိုရာတွင်

(ကက) အောက်ပါတို့လည်းပါဝင်သည်-

(၁-၁) အမြတ်ရရှိရန်အတွက် စဉ်ဆက်မပြတ်ဖြစ်စေ၊ ကာလတိုဖြစ်စေ လုပ်ကိုင်သည့် ကုန်သွယ်မှုဆိုင်ရာ၊ စက်မှုဆိုင်ရာ၊ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ၊ ပညာသည်ဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မည်သည့် လုပ်ဆောင်ချက်မဆို၊

(၁-၂) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရင်းနှီးတည်ဆောက်ခြင်း (developing) ဆိုင်ရာ သို့မဟုတ် ရင်းနှီးတည်ဆောက်ခြင်းနှင့် ငှားရမ်းခြင်းဆိုင်ရာ လုပ်ဆောင်ချက်၊

(၁-၃) ကုမ္ပဏီ သို့မဟုတ် ပညာသည်အစုစပ်လုပ်ငန်း၏ မည်သည့်လုပ်ဆောင်ချက်မဆို၊

(၁-၄) အတိတ်ကာလတွင်ဖြစ်စေ၊ ပစ္စုပ္ပန်ကာလတွင်ဖြစ်စေ၊ အနာဂတ်ကာလတွင်ဖြစ်စေ ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ရပ်။

သို့ရာတွင်

(ခခ) အလုပ်အကိုင် မပါဝင်။

(၁၁) **လုပ်ငန်းဆိုင်ရာရရန်ပိုင်ခွင့် (business asset)** ဆိုသည်မှာ လုပ်ငန်းတစ်ရပ်ဆောင်ရွက်ရာ၌ ယင်းလုပ်ငန်းမှ ဝင်ငွေရရှိစေရန် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အသုံးပြုသည့် လက်ငင်း သို့မဟုတ် မတည်စရိတ်သဘောသဘာဝရှိသည့် ရရန်ပိုင်ခွင့်ကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်လည်း ပါဝင်သည်။

(၁၂) **လုပ်ငန်းဆိုင်ရာဒြပ်မဲ့ရရန်ပိုင်ခွင့် (business intangible)** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်-

(ကက) စာပေအနုပညာမူပိုင်ခွင့် (copyright)၊ တီထွင်မှုမူပိုင်ခွင့် (patent)၊ ဒီဇိုင်း သို့မဟုတ် ပုံစံ (model)၊ လျာထားသည့်စီမံချက် (plan)၊ လျှို့ဝှက်ဖော်စပ်နည်း (secret formula) သို့မဟုတ် လုပ်ငန်းစဉ် (process)၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အသုံးဝင်မှုသက်တမ်း အကန့်အသတ်ရှိပြီး လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ အသုံးပြုသည့် အခြားအလားတူပစ္စည်း သို့မဟုတ် အခွင့်အရေး၊

(ခ ခ) ဖောက်သည်စာရင်း၊ ဖြန့်ဖြူးရေးလမ်းကြောင်း သို့မဟုတ် သီးသီးသန့်သန့်ဖြစ်သည့် အမည်၊ သင်္ကေတ သို့မဟုတ် ရုပ်ပုံ သို့မဟုတ် အသုံးဝင်မှုသက်တမ်း အကန့်အသတ်ရှိပြီး လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အသုံးပြုသည့် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ အခြားဒြပ်မဲ့ ရရန်ပိုင်ခွင့်၊

(ဂ ဂ) လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အသုံးပြုပြီး သက်တမ်းကန့်သတ်ချက်ရှိသည့်အပြင် အနည်းဆုံးသက်တမ်းတစ်နှစ်ထက်လည်း ကျော်လွန်သည့် ပဋိညာဉ်ဆိုင်ရာ အခွင့်အရေးများ၊ ယင်းတွင် စရိတ်များကို ကြိုတင်ပေးချေထားခြင်းကြောင့် ပေါ်ပေါက်လာသည့် အခွင့်အရေးများလည်း ပါဝင်သည်၊

(ဃဃ) လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အသုံးပြုသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ကာလရှည်ငှားရမ်းမှု၊

(င င) တစ်နှစ်ထက် ပိုမိုကြာမြင့်သည့် ကာလအတွက် အကျိုးကျေးဇူး သို့မဟုတ် အကျိုးခံစားခွင့်ဖြစ်ပေါ်စေသည့် ဝင်ငွေရရှိရန် လုပ်ငန်းတစ်ခုတွင် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ကျခံရသည့် အသုံးစရိတ်၊ ယင်းတွင် ဒြပ်ရှိပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်ခုခု ရရှိစေရန် ကျခံရသည့် အသုံးစရိတ်များ မပါဝင်၊

(စ စ) ကနဦးအသုံးစရိတ်။

(၁၃) **အခြေပစ္စည်းမှ မြတ်စွန်းခွန်** ဆိုသည်မှာ ပုဒ်မ ၁၃ အရ စည်းကြပ်သည့် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကို ဆိုသည်။

(၁၄) **အခွန်ကျသင့်သည့် ရရန်ပိုင်ခွင့်** ဆိုသည်မှာ ကင်းလွတ်ခွင့်ပြုထားသည့် ရရန်ပိုင်ခွင့် မဟုတ်သည့် မည်သည့် ရရန်ပိုင်ခွင့်မဆိုကို ဆိုသည်။

(၁၅) **ကုမ္ပဏီ** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်-

(ကက) မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ အခြားနေရာ၌ဖြစ်စေ စုဝေးဖွဲ့စည်းထားသည့်အဖွဲ့၊ ဥပဒေအရ ဖွဲ့စည်းထားသည့်ကော်ပိုရေးရှင်း (statutory corporation)၊ ဖောင်ဒေးရှင်း၊ အစုစပ်လုပ်ငန်း၊ ယုံကြည်အပ်နှံမှု၊ လူမှုအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားခြင်း မဟုတ်သည့် အသင်းအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်စု၊ ယင်းတွင် ပညာသည် အစုစပ်လုပ်ငန်း သို့မဟုတ် အမွေပုံပစ္စည်းတို့ မပါဝင်၊

(ခ ခ) နိုင်ငံခြားဥပဒေအရ တည်ထောင်ထားသည့် တရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ်တစ်ခုသည် စုဝေးဖွဲ့စည်းထားသည့်အဖွဲ့၊ ဖောင်ဒေးရှင်း၊ အစုစပ်လုပ်ငန်း၊ ယုံကြည်အပ်နှံမှု သို့မဟုတ် လူမှုအဖွဲ့အစည်းတို့နှင့် ဥပဒေဆိုင်ရာ သွင်ပြင်လက္ခဏာများချင်း အခြေခံကျကျတူညီလျှင် ယင်းတရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ်။

(၁၆) ရရန်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ **အဖိုးစားနား** ဆိုသည်မှာ ပုဒ်မ ၈၁ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၁၇) ရရန်ပိုင်ခွင့်တစ်ခုနှင့် စပ်လျဉ်း၍ **ကုန်ကျစရိတ်** ဆိုသည်မှာ ပုဒ်မ ၇၉ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၁၈) **ကြွေးမြီဆိုင်ရာတာဝန်** ဆိုသည်မှာ အခြားသူတစ်ဦးအား ငွေပေးချေရန် တာဝန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ငွေပေးကတိ လက်မှတ်များ၊ ငွေလွှဲလက်မှတ်များနှင့် ကတိခံဝန်ချုပ်များအရ ပေါ်ပေါက်သည့် တာဝန်နှင့် ပေးရန်ရှိစာရင်းတို့လည်း ပါဝင်သည်။

(၁၉) **ဦးစီးဌာန** ဆိုသည်မှာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(၂၀) **တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်** ဆိုသည်မှာ အောက်ပါတို့နှင့် ညီညွတ်သည့် ဒြပ်ရှိပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက်ကို ဆိုသည်-

(ကက) အသုံးဝင်မှုသက်တမ်း တစ်နှစ်ထက်ကျော်လွန်ခြင်း၊

(ခခ) ပုံမှန်ပျက်စီးတတ်သောသဘောကြောင့် သို့မဟုတ် အသုံးမပြုဘဲ ထားရှိခြင်းကြောင့် တန်ဖိုးဆုံးရှုံးနိုင်သည့် အလားအလာရှိခြင်း၊

(ဂဂ) လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အသုံးပြုခြင်း။

(၂၁) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(၂၂) ရရန်ပိုင်ခွင့်တစ်ခုနှင့် စပ်လျဉ်း၍ **ထုခွဲရောင်းချခြင်း** ဆိုသည်မှာ ပုဒ်မ ၇၈ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၂၃) **အမြတ်ဝေစု** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်-

(ကက) ကုမ္ပဏီတစ်ခုမှ အဖွဲ့ဝင်တစ်ဦးအား အမြတ်ငွေ သို့မဟုတ် ဝင်ငွေခွဲဝေမှုတစ်ရပ်ဖြစ်ပြီး ယင်းတွင် ယုံကြည်အပ်နှံမှုတစ်ခုရှိ အကျိုးခံစားရသူ (beneficiary) ၏ ဝင်ငွေရရှိနိုင်ခွင့်လည်း ပါဝင်သည်။

(ခခ) ကုမ္ပဏီတစ်ခုသည် ယင်းကုမ္ပဏီ၏ မတည်ငွေရင်းကို တစ်စိတ်တစ်ပိုင်း လျှော့ချရာ၌ အဖွဲ့ဝင်အား ယင်း၏ အဖွဲ့ဝင် အကျိုးစီးပွားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြန်လည်ပေးအပ်သော ငွေကြေးပမာဏဖြစ်ပြီး ယင်းငွေကြေးပမာဏသည် ယင်းအဖွဲ့ဝင်အကျိုးစီးပွားတွင် လျော့ကျသွားသည့် အမည်ခံတန်ဖိုး (nominal value) ထက် ကျော်လွန်သည့် အတိုင်းအတာအထိ ဖြစ်သည်။

(ဂဂ) ကုမ္ပဏီတစ်ခု စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကြောင့်ဖြစ်စေ၊ ယုံကြည်အပ်နှံမှုတစ်ရပ်ကို ရပ်စဲခြင်းကြောင့်ဖြစ်စေ အဖွဲ့ဝင်တစ်ဦးက ယင်း၏ အဖွဲ့ဝင်အကျိုးစီးပွားကို ပြန်လည်ရွေးနုတ်ရယူရာ၌ သို့မဟုတ် ပယ်ဖျက်ရာ၌ ကုမ္ပဏီက ယင်းအဖွဲ့ဝင်အား ပြန်လည်ပေးအပ်သည့် ငွေကြေးပမာဏဖြစ်ပြီး ယင်းငွေကြေးပမာဏသည် အဖွဲ့ဝင်အကျိုးစီးပွား၏ အမည်ခံတန်ဖိုး (nominal value) ထက် ကျော်လွန်သည့် အတိုင်းအတာအထိ ဖြစ်သည်။

(ဃဃ) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီ ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် ပေါင်းစည်းခြင်းအတွက် အဖွဲ့ဝင်တစ်ဦးအား ယင်းကုမ္ပဏီရှိ အဖွဲ့ဝင် အကျိုးစီးပွားနှင့်စပ်လျဉ်း၍ ပေးအပ်သည့် ငွေကြေးပမာဏဖြစ်ပြီး ယင်းသို့ ပြန်လည်ပေးအပ်သည့် ငွေကြေးပမာဏသည် ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် ပေါင်းစည်းခြင်းများမတိုင်မီ ယင်းအဖွဲ့ဝင်အကျိုးစီးပွား၏ အမည်ခံတန်ဖိုး (nominal value) ထက် ကျော်လွန်သည့် အတိုင်းအတာအထိ ဖြစ်သည်။

(ငင) ကုမ္ပဏီတစ်ခုသည် အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင်၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးသို့ ယင်းပုဂ္ဂိုလ်အကျိုးခံစားနိုင်စေရန် ပေးအပ်သည့် မည်သည့်ချေးငွေ၊ ရရန်ပိုင်ခွင့် သို့မဟုတ် ဝန်ဆောင်မှုများအတွက် ပေးချေခြင်း၊ ပေးအပ်သည့် မည်သည့်ရရန်ပိုင်ခွင့် သို့မဟုတ် ဝန်ဆောင်မှုမဆို၏ တန်ဖိုး သို့မဟုတ် သက်သာခွင့်ပေးလိုက်သည့် မည်သည့် ကြွေးမြီဆိုင်ရာတာဝန်မဆိုဖြစ်ပြီး ယင်းလုပ်ဆောင်ချက်သည် ပကတိအခြေအနေအားဖြင့် အမြတ်ငွေများ ခွဲဝေပေးသကဲ့သို့ သက်ရောက်သည့် အတိုင်းအတာအထိ ဖြစ်သည်။

(စစ) ပုဒ်မ ၄၈ အရ သတ်မှတ်သည့် ပြည်ပနေ ကုမ္ပဏီတစ်ခု၏ အမြဲတမ်းလုပ်ငန်းတည်ရာ ဌာနမှ ပြန်လည်ပေးပို့သည့် အမြတ်ငွေ ဖြစ်သည်။

(၂၄) **ဝန်ထမ်း** ဆိုသည်မှာ အလုပ်အကိုင်တစ်ရပ်တွင် ခန့်အပ်တာဝန်ပေးထားသည့် တစ်ဦးချင်းပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာလည်း ပါဝင်သည်။

(၂၅) **ဝန်ထမ်း၏ အစုရှယ်ယာပိုင်ဆိုင်မှု အစီအစဉ်** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ ဝန်ထမ်းတစ်ဦးက ယင်းကုမ္ပဏီတွင် ဖြစ်စေ၊ ယင်းကုမ္ပဏီ၏ မိခင်ကုမ္ပဏီတွင်ဖြစ်စေ အစုရှယ်ယာကို ပိုင်ဆိုင်နိုင်သည့် သို့မဟုတ် ဝယ်ယူနိုင်သည့် အစီအစဉ်ကို ဆိုသည်။

(၂၆) **အလုပ်ရှင်** ဆိုသည်မှာ ဝန်ထမ်းတစ်ဦးကို ခန့်အပ်တာဝန်ပေးသည့် သို့မဟုတ် လုပ်ခ၊ လစာစသည့် အခကြေးငွေပေးသည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(၂၇) **အလုပ်အကိုင်** ဆိုသည်မှာ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးကို သီးခြား လွတ်လပ်သည့် လုပ်ငန်းလက်ခံဆောင်ရွက်သူ (independent contractor) အဖြစ် မဟုတ်ဘဲ အခြားပုဂ္ဂိုလ်၏ ညွှန်ကြားမှုနှင့် ထိန်းချုပ်မှုအောက်တွင် ဝန်ဆောင်မှုများ ပြုလုပ်ရန် အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ ခန့်အပ်တာဝန်ပေးသည့် ဆက်ဆံရေးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည်-

(ကက) ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအပိုင်းတွင် ဒါရိုက်တာအဖြင့်ဖြစ်စေ၊ အခြားရာထူးဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်း၊

(ခခ) ပုံသေသတ်မှတ်ထားသည့် သို့မဟုတ် တိကျသေချာမှုရှိသည့် လုပ်ခ၊ လစာစသည့် အခကြေးငွေကို ရရှိခံစားပိုင်ခွင့်ရှိသည့် ရာထူးအဆင့်၊

(ဂဂ) အများပြည်သူဆိုင်ရာ မည်သည့်ရာထူးကိုမဆို ရယူထားခြင်း သို့မဟုတ် ယင်းရာထူးတွင် တာဝန်ထမ်းဆောင်ခြင်း၊

(ဃဃ) အတိတ်ကာလတွင်ဖြစ်စေ၊ ပစ္စုပ္ပန်ကာလတွင်ဖြစ်စေ၊ အနာဂတ်ကာလတွင်ဖြစ်စေ ဆောင်ရွက်သည့် အလုပ်အကိုင်။

(၂၈) **ဖျော်ဖြေသူ** ဆိုရာတွင် ဂီတပညာရှင်များနှင့် အားကစားသမားများလည်း ပါဝင်သည်။

(၂၉) **ဧည့်ခံကျွေးမွေးခြင်း** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆောင်ရွက်ပေးခြင်းကို ဆိုသည်-

(ကက) အစားအသောက်ကျွေးမွေးခြင်း သို့မဟုတ် အပန်းဖြေခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း၊

(ခခ) အစားအသောက်ကျွေးမွေးခြင်း သို့မဟုတ် အပန်းဖြေခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းနှင့် ဆက်စပ်နေသည့် သို့မဟုတ် ယင်းတို့ကို ပေးအပ်ရာ၌ အထောက်အကူပြုသည့် တည်းခိုနေထိုင်ရန်နေရာကိုဖြစ်စေ၊ ခရီးသွားလာနိုင်ရန်ဖြစ်စေ စီစဉ်ပေးခြင်း။

(၃၀) **တရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ် (entity)** ဆိုသည်မှာ ပညာသည်အစုစပ်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီကို ဆိုသည်။

(၃၁) **ကင်းလွတ်ခွင့်ပြုထားသည့် ရရန်ပိုင်ခွင့်** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်-

(ကက) လုပ်ငန်းဆိုင်ရာရရန်ပိုင်ခွင့်များ၊

(ခခ) ပြင်ပဈေးကွက်ပေါက်ဈေး ကျပ် သိန်း ၁၀၀ ထက်မပိုသည့် ရရန်ပိုင်ခွင့်များ။

(၃၂) **ကင်းလွတ်ခွင့်ပြုထားသည့်ဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၁၉ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၃၃) **အပြီးသတ်နုတ်ယူပေးသွင်းရမည့်ပေးချေမှု** ဆိုသည်မှာ ပုဒ်မ ၁၀ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၃၄) **ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ** ဆိုသည်မှာ ပုဒ်မ ၃၃ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၃၅) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ နှစ်တစ်နှစ်၏ အောက်တိုဘာ ၁ ရက်မှ စတင်ပြီး နောက်တစ်နှစ် စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးသည့် ၁၂ လတာကာလကို ဆိုသည်။

(၃၆) **နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းနှင့် နိုင်ငံခြားငွေလဲလှယ်မှု အရှုံး** ဆိုသည်မှာ ပုဒ်မ ၄၄ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၃၇) **ပြည်ပဝင်ငွေ** ဆိုသည်မှာ မြန်မာနိုင်ငံရင်းမြစ် (source) မှ ဝင်ငွေမဟုတ်သည့်အတိုင်းအတာ အထိဖြစ်သော မည်သည့်ဝင်ငွေမဆိုကို ဆိုသည်။

(၃၈) ဖျော်ဖြေသူနှင့် စပ်လျဉ်း၍ **အုပ်စု** ဆိုရာတွင် အားကစားအဖွဲ့လည်း ပါဝင်သည်။

(၃၉) **လုပ်ငန်းမှဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၁၇ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၄၀) **ရင်းနှီးမြှုပ်နှံမှုမှဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၁၈ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၄၁) **အလုပ်အကိုင်မှဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၁၆ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၄၂) **ဝင်ငွေခွန်** ဆိုသည်မှာ ပုဒ်မ ၁၂ အရ ကျသင့်စေသည့် ဝင်ငွေခွန်ကို ဆိုသည်။

(၄၃) **သီးခြားလွတ်လပ်သည့် လုပ်ငန်းလက်ခံဆောင်ရွက်သူ (independent contractor)** ဆိုသည်မှာ ဝန်ထမ်းအဖြစ်မဟုတ်ဘဲ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်ခြင်း ခံရသည့် တစ်ဦးချင်းပုဂ္ဂိုလ်ကို ဆိုသည်။

(၄၄) **အခွန်နှစ်တစ်နှစ်အတွက် ပုဂ္ဂိုလ်တစ်ဦးနှင့်စပ်လျဉ်း၍ အရစ်ကျပေးသွင်းရန်ကာလ** ဆိုသည်မှာ ယင်းအခွန်နှစ်၏ ၃ လ၊ ၆ လ၊ ၉ လနှင့် ၁၂ လမြောက်လများ၏ နောက်ဆုံးရက်တွင် ကုန်ဆုံးသည့် သုံးလတာကာလကို ဆိုသည်။

(၄၅) **အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်** ဆိုသည်မှာ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၆/၉၆) အရ မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(၄၆) **အာမခံပရီမီယံ** ဆိုရာတွင် တစ်ဆင့်အာမခံနှင့် သက်ဆိုင်သည့် ပရီမီယံနှင့် ပြည်ပတွင်ထားရှိသည့် အာမခံနှင့် စပ်လျဉ်းသည့် အခြားပေးချေရန် ငွေကြေးပမာဏများ ပါဝင်သည်။ သို့ရာတွင် အသက်အာမခံပေါ်လစီအရ ပေးသွင်းရန်ရှိသည့် ပရီမီယံ မပါဝင်။

(၄၇) **ဒြပ်မဲ့ရရန်ပိုင်ခွင့်** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(ကက) ပုဒ်မ (၃)၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၂)၊ ပုဒ်မခွဲငယ်စိတ် (ကက)၊ (ခခ)၊ (ဂဂ) သို့မဟုတ် (ဃဃ) ပါ ပစ္စည်း သို့မဟုတ် အခွင့်အရေး၊

(ခခ) နာမည်ကောင်း။

(၄၈) **အတိုး** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(ကက) အတိုး၊ လျှော့ငွေ၊ ပရီမီယံ၊ ဆုကြေး သို့မဟုတ် အခြားတစ်ခုခုအဖြစ် ဖော်ပြထားသည် ဖြစ်စေ၊ ဖော်ပြမထားသည်ဖြစ်စေ၊ ကာလအပိုင်းအခြားအလိုက်သော်လည်းကောင်း၊ တစ်လုံးတစ်ခဲတည်းသော်လည်းကောင်း၊ ငွေကြေးအသုံးပြုမှုအတွက် သို့မဟုတ် ပေးချေရန် အချိန်ပေးထားခြင်းအတွက် အဖိုးစားနားကဲ့သို့သော ငွေကြေးပမာဏ၊

(ခခ) ပုဒ်မခွဲငယ်စိတ် (ကက) တွင် ဖော်ပြထားသည့် ငွေကြေးပမာဏနှင့် လုပ်ဆောင်ချက် သဘောအားဖြင့် အလားသဏ္ဌာန် တူညီသော (functionally equivalent) ငွေကြေး ပမာဏ၊

(ဂဂ) ပုဒ်မ ၄၀ အရ အတိုးအဖြစ် မှတ်ယူသည့် ငွေကြေးပမာဏ၊

(ဃဃ) ပုဒ်မခွဲငယ်စိတ် (ကက)၊ (ခခ) သို့မဟုတ် (ဂဂ) တို့အရ အတိုးပေးရန် ပေါ်ပေါက်သည့် ကြွေးမြီ သို့မဟုတ် အခြားပဋိညာဉ် သို့မဟုတ် သဘောတူညီချက်တစ်ရပ်နှင့်စပ်လျဉ်း၍ ပေးရန်ရှိသည့် ကတိကဝတ်ဆိုင်ရာ၊ အာမခံချက်ဆိုင်ရာ၊ ဝန်ဆောင်မှုဆိုင်ရာ သို့မဟုတ် အလားတူ အခကြေးငွေ။

(၄၉) **နိုင်ငံတကာအဖွဲ့အစည်း** ဆိုသည်မှာ အချုပ်အခြာအာဏာပိုင်များ သို့မဟုတ် အချုပ်အခြာအာဏာပိုင် အစိုးရများအဖွဲ့ဝင်အဖြစ်ပါဝင်သည့် အဖွဲ့အစည်းကို ဆိုသည်။

(၅၀) **ရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ ရရန်ပိုင်ခွင့်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ရရန်ပိုင်ခွင့်များအား ပိုင်ဆိုင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သဘောသဘာဝချင်း ဆင်တူသည့် သို့မဟုတ် တစ်ခုတည်းအဖြစ် ပေါင်းစည်းအသုံးပြုသည့် ရရန်ပိုင်ခွင့်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ရရန်ပိုင်ခွင့်များလည်း ပါဝင်သည်။ ထို့ပြင် ယင်းစကားရပ်တွင်-

(ကက) အတိတ်ကာလတွင်ဖြစ်စေ၊ ပစ္စုပ္ပန်ကာလတွင်ဖြစ်စေ၊ အနာဂတ်ကာလတွင်ဖြစ်စေ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုလည်း ပါဝင်သည်၊

သို့ရာတွင်

(ခခ) လုပ်ငန်း သို့မဟုတ် အလုပ်အကိုင် မပါဝင်။

(၅၁) **လိုင်စင်ရငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၀/၂၀၁၆) အရ မြန်မာနိုင်ငံအတွင်း၌ ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရန် လိုင်စင်ထုတ်ပေးထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းကို ဆိုသည်။

(၅၂) **ကာလရှည်ငှားရမ်းမှု** ဆိုသည်မှာ အောက်ပါ ငှားရမ်းမှု တစ်ခုခုကို ဆိုသည်-

(ကက) သုံးနှစ်ထက်ပိုမိုသည့်ကာလအတွက် ငှားရမ်းမှု၊

(ခခ) ငှားရမ်းမှုကို သက်တမ်းမတိုးစေကာမူ သက်တမ်းတိုးရန် လုပ်ဆောင်နိုင်သည့် နည်းလမ်း တစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုမိုသည့် နည်းလမ်းများ ပါဝင်သည့်အတွက် စုစုပေါင်း ငှားရမ်းကာလသည် သုံးနှစ်ထက် ပိုမိုသည့် ငှားရမ်းမှု။

(၅၃) **စီမံခန့်ခွဲမှုအခ** ဆိုသည်မှာ စီမံခန့်ခွဲမှုဆိုင်ရာ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ ဝန်ဆောင်မှုတစ်ခုခုကို ဆောင်ရွက်ပေးခြင်းအတွက် အဖိုးစားနားကဲ့သို့သော ငွေကြေးပမာဏတစ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်အကိုင်မှ ဝင်ငွေ မပါဝင်။

(၅၄) ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ **အဖွဲ့ဝင်** ဆိုသည်မှာ စုဝေးဖွဲ့စည်းထားသည့်အဖွဲ့တစ်ခု၏ အစုရှင်၊ ဖောင်ဒေးရှင်းတစ်ခု၏ အကျိုးခံစားသူ၊ အစုစပ်လုပ်ငန်းတစ်ခု၏ အစုဝင်၊ ယုံကြည်အပ်နှံမှုတစ်ခု၏ အကျိုးခံစားသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ (unitholder) သို့မဟုတ် ကုမ္ပဏီတစ်ခုတွင် အဖွဲ့ဝင် အကျိုးစီးပွားရှိသည့် အခြားမည်သည့်ပုဂ္ဂိုလ်မဆိုကို ဆိုသည်။

(၅၅) ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ **အဖွဲ့ဝင်အကျိုးစီးပွား** ဆိုသည်မှာ စုဝေးဖွဲ့စည်းထားသည့် အဖွဲ့တစ်ခု၏ အစုရှယ်ယာ၊ ဖောင်ဒေးရှင်း သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခုရှိ အကျိုးစီးပွား၊ ယုံကြည်အပ်နှံမှု တစ်ခုရှိ အကျိုးစီးပွား သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ခု သို့မဟုတ် ကုမ္ပဏီတစ်ခုရှိ မည်သည့် ပိုင်ဆိုင်မှု အကျိုးစီးပွားမဆိုကို ဆိုသည်။

(၅၆) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(၅၇) **မြန်မာနိုင်ငံ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(၅၈) **မြန်မာနိုင်ငံရှိ ရရန်ပိုင်ခွင့်** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(ကက) မြန်မာနိုင်ငံတွင် တည်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊

(ခခ) ကုမ္ပဏီတစ်ခုရှိ အဖွဲ့ဝင်အကျိုးစီးပွားတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းအထက်ကို ယင်းကုမ္ပဏီက ရယူပိုင်ဆိုင်ထားသော ပုဒ်မခွဲငယ်စိတ် (ကက) တွင် ဖော်ပြထားသည့် မြန်မာနိုင်ငံရှိ ရရန်ပိုင်ခွင့်များမှ တိုက်ရိုက်ဖြစ်စေ၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ကြားခံ တရားဝင် ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ်များမှတစ်ဆင့် သွယ်ဝိုက်၍ ဖြစ်စေ ရရှိခြင်းဖြစ်လျှင် ယင်းကုမ္ပဏီရှိ အဖွဲ့ဝင် အကျိုးစီးပွား၊

(ဂဂ) ပြည်တွင်းနေ ကုမ္ပဏီတစ်ခုရှိ အဖွဲ့ဝင်အကျိုးစီးပွား သို့မဟုတ် ပြည်တွင်းနေ ပညာသည် အစုစပ်လုပ်ငန်းရှိ အကျိုးစီးပွား၊

(ဃဃ) ပုဒ်မခွဲငယ်စိတ် (ကက) မှ (ဂဂ) အထိတွင် ဖော်ပြထားသည့် ရရန်ပိုင်ခွင့်တစ်ခုကို သတ်မှတ်ကာလအတွင်း သတ်မှတ်စျေးနှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့် (option) သို့မဟုတ် ရယူရန်အခွင့်အရေး။

(၅၉) **မြန်မာနိုင်ငံရင်းမြစ်မှဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၉ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၆၀) **သဘာဝသယံဇာတဆိုင်ရာ ငွေကြေးပမာဏ** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်-

(ကက) ပရီမီယံ သို့မဟုတ် အလားတူငွေကြေးပမာဏ အပါအဝင် မြေမှဖြစ်စေ၊ ရေမှဖြစ်စေ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် သက်ရှိ သို့မဟုတ် သက်မဲ့သယံဇာတကို ထုတ်ယူခွင့်အတွက် အဖိုးစားနားကဲ့သို့သော ငွေကြေးပမာဏ၊

(ခခ) မြေမှဖြစ်စေ၊ ရေမှဖြစ်စေ ထုတ်ယူသည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် သက်ရှိ သို့မဟုတ် သက်မဲ့ သယံဇာတ၏ အရေအတွက် သို့မဟုတ် ပမာဏ သို့မဟုတ် တန်ဖိုးအပေါ် အခြေပြုလျက် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ တွက်ချက်ထားသည့် ငွေကြေးပမာဏ။

(၆၁) **စာရင်းအရလက်ကျန်တန်ဖိုး** (net book value) ဆိုသည်မှာ ပုဒ်မ ၈၀ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၆၂) **အသိအမှတ်ပြုထားခြင်းမရှိသည့် ရန်ပုံငွေ** ဆိုသည်မှာ အသိအမှတ်ပြုထားသောရန်ပုံငွေ မဟုတ်သည့် အငြိမ်းစားရန်ပုံငွေကို ဆိုသည်။

(၆၃) **ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်** ဆိုသည်မှာ ပုဒ်မ ၅၂ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၆၄) **အကျိုးအမြတ်မယူသည့် အဖွဲ့အစည်း** ဆိုသည်မှာ ပုဒ်မ ၅ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၆၅) **ပြည်ပနေ ဖျော်ဖြေသူ** ဆိုသည်မှာ ပြည်တွင်းနေပုဂ္ဂိုလ် မဟုတ်သည့် ဖျော်ဖြေသူကို ဆိုသည်။

(၆၆) **ပြည်ပနေပုဂ္ဂိုလ်** ဆိုသည်မှာ ပြည်တွင်းနေပုဂ္ဂိုလ်မဟုတ်သည့်ပုဂ္ဂိုလ်ကို ဆိုသည်။

(၆၇) **ပြင်ပစျေးကွက်ပေါက်စျေး** ဆိုသည်မှာ ပုဒ်မ ၆ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၆၈) ဖျော်ဖြေသူတစ်ဦး သို့မဟုတ် ဖျော်ဖြေသူအုပ်စုတစ်စုနှင့် စပ်လျဉ်း၍ **ဖျော်ဖြေတင်ဆက်မှု** ဆိုရာတွင် အားကစားပွဲလည်း ပါဝင်သည်။

(၆၉) **အမြဲတမ်းလုပ်ငန်းတည်ရာဌာန** ဆိုသည်မှာ ပုဒ်မ ၇ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၇၀) **ပုဂ္ဂိုလ်** ဆိုသည်မှာ တစ်ဦးချင်းပုဂ္ဂိုလ်၊ ပညာသည်အစုစပ်လုပ်ငန်း၊ အမွေပုံပစ္စည်း၊ ကုမ္ပဏီ၊ အစိုးရ၊ ဒေသန္တရအစိုးရ၊ အများပြည်သူဆိုင်ရာ အာဏာပိုင်အဖွဲ့၊ နိုင်ငံခြားအစိုးရ၊ ပြည်ပနိုင်ငံတစ်ခုခု၏ ဒေသန္တရအစိုးရ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းကို ဆိုသည်။

(၇၁) **ကိုယ်ရေးကိုယ်တာရရန်ပိုင်ခွင့်** ဆိုသည်မှာ ကိုယ်တိုင် သို့မဟုတ် နေအိမ်တွင်းအသုံးပြုရန် တစ်ခုတည်းအတွက် ရယူပိုင်ဆိုင်ထားသည့် ရရန်ပိုင်ခွင့်ကို ဆိုသည်။

(၇၂) **ကနဦးအသုံးစရိတ်** ဆိုသည်မှာ လုပ်ငန်းတစ်ခုမှ ရရှိလာမည့် ဝင်ငွေကို ယင်းလုပ်ငန်းမှရရှိသည့် စည်းကြပ်ထိုက်သော ဝင်ငွေတွင် ထည့်သွင်းမည်ဆိုပါက လုပ်ငန်းမစတင်မီ ပုဂ္ဂိုလ်တစ်ဦးက ကျခံသည့် အသုံးစရိတ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဒြပ်ရှိပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် ဒြပ်မဲ့ရရန်ပိုင်ခွင့်တို့ကို ရယူရန် ကျခံသည့် အသုံးစရိတ် မပါဝင်။

(၇၃) **ပညာသည်အစုစပ်လုပ်ငန်း** ဆိုသည်မှာ ပူးတွဲအကျိုးအမြတ်အတွက် ပညာသည်လုပ်ငန်း တစ်ရပ်ကို ဆောင်ရွက်နေသည့် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များကို ဆိုသည်။

(၇၄) **အများပြည်သူဆိုင်ရာအာဏာပိုင်အဖွဲ့** ဆိုသည်မှာ အများပြည်သူဆိုင်ရာ သို့မဟုတ် တရားဝင်ဆောင်ရွက်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ သို့မဟုတ် ဒေသန္တရအဆင့်တွင် ဥပဒေအရသော်လည်းကောင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အက်ဥပဒေအရသော်လည်းကောင်း တည်ထောင်သည့်အဖွဲ့၊ အာဏာပိုင်အဖွဲ့ သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသည်ဖြစ်စေ၊ ဖွဲ့စည်းမထားသည်ဖြစ်စေ ကိုယ်စားပြုဆောင်ရွက်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနတစ်ခုအောက်ရှိဌာန သို့မဟုတ် အစိုးရ၏ အကျိုးစီးပွားရှိသည့် အဖွဲ့အစည်းတို့ ပါဝင်ခြင်းမရှိ။

(၇၅) **မရွှေ့မပြောင်းနိုင်သောပစ္စည်း** ဆိုရာတွင် အောက်ပါတို့ပါဝင်သည်-

(ကက) မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက်တစ်ခု၊

(ခခ) မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင်ဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက်တွင်ဖြစ်စေ သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့် သို့မဟုတ် အခြားအကျိုးစီးပွား၊

(ဂဂ) ပုဒ်မ ၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၀) နှင့် ပုဒ်မခွဲငယ် (၁၂) ပါ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေး၊

(ဃဃ) ပုဒ်မခွဲငယ်စိတ် (ဂဂ) တွင် ဖော်ပြထားသည့် အခွင့်အရေးနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်။

(၇၆) ပုဂ္ဂိုလ်တစ်ဦးနှင့် စပ်လျဉ်း၍ **ရရှိခြင်း** ဆိုရာတွင် အောက်ပါတို့ပါဝင်သည်-

(ကက) ယင်းပုဂ္ဂိုလ်၏ ညွှန်ကြားချက်အရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်ကိုယ်စား ရရှိခြင်း၊

(ခခ) ယင်းပုဂ္ဂိုလ်၏ အကျိုးခံစားခွင့်အလို့ငှာ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း (reinvested)၊ စုဆောင်းရရှိလာခြင်း (accumulated) သို့မဟုတ် အရင်းအဖြစ်ပြောင်းလဲခြင်း (capitalized)၊

(ဂဂ) ယင်းပုဂ္ဂိုလ်၏ အကျိုးခံစားခွင့်အလို့ငှာ စာရင်းတစ်ခုသို့ ပေးသွင်းခြင်း (credited) သို့မဟုတ် အရန်ငွေကြေး (reserve) တစ်ရပ်ရပ်သို့ သယ်ဆောင်ခြင်း၊

(ဃဃ) ယင်းပုဂ္ဂိုလ်က ရရှိစေရန် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း။

(၇၇) **အပန်းဖြေခြင်း** ဆိုရာတွင် ပျော်ရွှင်မှုဖြစ်စေသည့် လုပ်ဆောင်ချက်၊ အားကစား သို့မဟုတ် အလားတူအားလပ်ချိန် လုပ်ဆောင်ချက်များပါဝင်ပြီး ယင်းတို့ကို ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းသွားယာဉ် တစ်စီးစီးပေါ်၌ ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(၇၈) တစ်ဦးချင်းပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ **ဆွေမျိုး** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(ကက) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၏ အိမ်ထောင်ဖက်၊

(ခခ) ယင်းတစ်ဦးချင်းပုဂ္ဂိုလ် သို့မဟုတ် ယင်း၏ အိမ်ထောင်ဖက်၏ မိဘ၊ အဘိုး၊ အဘွား၊ အစ်ကို၊ အစ်မ၊ ညီ၊ ညီမ၊ မောင်၊ နှမ၊ ဘကြီး၊ ဘထွေး၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ ကြီးတော်၊ ထွေးလေး၊ တူ၊ တူမ၊ ဆင်းသက်ပေါက်ဖွားလာသူ သို့မဟုတ် မွေးစားသား၊ သမီး၊

(ဂဂ) ပုဒ်မခွဲငယ်စိတ် (ခခ) တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အိမ်ထောင်ဖက်။

(၇၉) **ငှားရမ်းခ** ဆိုသည်မှာ စက်မှုသုံး၊ စီးပွားရေးသုံး (commercial) သို့မဟုတ် သိပ္ပံသုံးကိရိယာ မဟုတ်သည့် ဒြပ်ရှိ ရရန်ပိုင်ခွင့်များကို အသုံးပြုခြင်း သို့မဟုတ် ဝင်ရောက်နေရာယူခြင်းအတွက်

ဖြစ်စေ၊ အသုံးပြုရန် သို့မဟုတ် ဝင်ရောက်နေရာယူရန် အခွင့်အရေးအတွက်ဖြစ်စေ ပရီမီယံ သို့မဟုတ် အလားတူငွေကြေးပမာဏတို့ အပါအဝင် မည်သည့် အဖိုးစားနားမဆိုကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည်-

(ကက) မြေကို ဝင်ရောက်အသုံးပြုနိုင်ရန် ထုံးတမ်းစဉ်လာ မြေပိုင်ရှင်များသို့ ပေးချေသည့် ငွေကြေးပမာဏ၊

(ခခ) မြေ သို့မဟုတ် အဆောက်အအုံကို အသုံးပြုရန် သို့မဟုတ် ဝင်ရောက်နေရာယူရန်၊ သို့မဟုတ် အသုံးပြုခွင့် သို့မဟုတ် ဝင်ရောက်နေရာယူခွင့်ဆိုင်ရာ သဘောတူညီချက် တစ်ရပ်ရပ်အရဖြစ်စေ၊ ယင်းအခွင့်အရေးကို ရပ်စဲခြင်းဆိုင်ရာ သဘောတူညီချက် တစ်ရပ်ရပ်အရဖြစ်စေ ယင်းမြေကိုသော်လည်းကောင်း၊ ယင်းအဆောက်အအုံကိုသော် လည်းကောင်း တိုးတက်ကောင်းမွန်စေရန် အငှားချထားခြင်းခံရသူက ပြုလုပ်သည့် မည်သည့်ဆောင်ရွက်ချက်မဆို၏ ပြင်ပဈေးကွက်ပေါက်ဈေး၊

(ဂဂ) ပုဒ်မခွဲငယ်စိတ် (ခခ) တွင် ဖော်ပြထားသည့် တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ချက် အစား အငှားချထားခြင်းခံရသူက ပေးချေသည့် ငွေကြေးပမာဏ။

(၈၀) **ပြည်တွင်းနေကုမ္ပဏီ** ဆိုသည်မှာ အောက်ပါကုမ္ပဏီတစ်ခုခုကို ဆိုသည်-

(ကက) မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်သည့် (incorporated)၊ မှတ်ပုံတင်သည့် (registered)၊ ဖွဲ့စည်းသည့် (formed)၊ အခြေချသည့် (settled) သို့မဟုတ် အခြားနည်းလမ်းဖြင့် ဖန်တီး တည်ရှိသည့် (created) ကုမ္ပဏီ၊

(ခခ) မြန်မာနိုင်ငံတွင် စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်းပြုသည့် ကုမ္ပဏီ။

(၈၁) **ပြည်တွင်းနေအမွေပုံပစ္စည်း** ဆိုသည်မှာ သေဆုံးချိန်တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ် ဖြစ်နေသည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး၏ ကျန်ရစ်ပစ္စည်းကို ဆိုသည်။

(၈၂) **ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်** ဆိုသည်မှာ ပုဒ်မ ၈ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၈၃) **ပြည်တွင်းနေပုဂ္ဂိုလ်** ဆိုသည်မှာ ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်၊ ပြည်တွင်းနေ ကုမ္ပဏီ၊ ပြည်တွင်းနေ အမွေပုံပစ္စည်း၊ အစိုးရ သို့မဟုတ် အများပြည်သူဆိုင်ရာအာဏာပိုင်ကို ဆိုသည်။

(၈၄) **ပြည်တွင်းနေ ပညာသည်အစုစပ်လုပ်ငန်း** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(ကက) မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားသည့် (formed) ပညာသည်အစုစပ်လုပ်ငန်း၊

(ခခ) မြန်မာနိုင်ငံတွင် စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်းပြုသည့် ပညာသည်အစုစပ်လုပ်ငန်း။

(၈၅) **အငြိမ်းစားရန်ပုံငွေ** ဆိုသည်မှာ ရန်ပုံငွေ၏ အဖွဲ့ဝင်များ အကျိုးအတွက်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦး သေဆုံးပါက ယင်းကို မှီခိုသူများ၏ အကျိုးအတွက်သော်လည်းကောင်း တည်ထောင်ထားသည့် ရန်ပုံငွေကို ဆိုသည်။

(၈၆) ခိုင်ကြေး (royalty) ဆိုသည်မှာ ကာလအပိုင်းအခြားအလိုက်ဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ အောက်ပါတစ်ခုခုအတွက် ပေးချေသည့် အဖိုးစားနားကဲ့သို့သော ငွေကြေးပမာဏကို ဆိုသည်-

(ကက) ရုပ်ရှင်ကားများနှင့် ရေဒီယို၊ ရုပ်မြင်သံကြား သို့မဟုတ် အင်တာနက်မှ ထုတ်လွှင့်ခြင်း အတွက် ဖလင်များနှင့် တိပ်ခွေများ အပါအဝင် စာပေ၊ အနုပညာ သို့မဟုတ် သိပ္ပံဆိုင်ရာ ဖန်တီးမှုတစ်ခု၏ မည်သည့်မူပိုင်ခွင့်ကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်၊

(ခခ) ရုပ်မြင်သံကြား၊ ရေဒီယို သို့မဟုတ် အင်တာနက်မှ ထုတ်လွှင့်ခြင်းနှင့် စပ်လျဉ်း၍ ဂြိုဟ်တု၊ ကေဘယ်၊ အလင်းမျှင်ဖိုင်ဘာ သို့မဟုတ် အလားတူနည်းပညာဖြင့် ပို့လွှတ်သည့် အရုပ်ကို ဖြစ်စေ၊ အသံကိုဖြစ်စေ၊ အရုပ်နှင့် အသံနှစ်မျိုးလုံးကိုဖြစ်စေ အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့် သို့မဟုတ် ဖမ်းယူခြင်း သို့မဟုတ် ဖမ်းယူပိုင်ခွင့်၊

(ဂဂ) မည်သည့် တီထွင်မှုမူပိုင်ခွင့်၊ တီထွင်ခြင်း၊ ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်း သို့မဟုတ် နမူနာပုံစံငယ်၊ အစီအစဉ်၊ လျှို့ဝှက်ဖော်စပ်နည်း သို့မဟုတ် လုပ်ငန်းစဉ် သို့မဟုတ် အခြားအလားတူပစ္စည်း သို့မဟုတ် အခွင့်အရေးကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်၊

(ဃဃ) မည်သည့် စက်မှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ (commercial) သို့မဟုတ် သိပ္ပံဆိုင်ရာကိရိယာကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်၊

(ငင) စက်မှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ (commercial) သို့မဟုတ် သိပ္ပံဆိုင်ရာ အတွေ့အကြုံနှင့်သက်ဆိုင်သည့် မည်သည့်သတင်းအချက်အလက်ကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်၊

(စစ) ပုဒ်မခွဲငယ်စိတ် (ကက) မှ ပုဒ်မခွဲငယ်စိတ် (ငင) အထိတွင် ဖော်ပြထားသည့်ပစ္စည်း သို့မဟုတ် အခွင့်အရေးကို အသုံးပြုနိုင်ရန် သို့မဟုတ် ခံစားနိုင်စေရန် နည်းလမ်းတစ်ရပ်အဖြစ် အထောက်အကူပြုပြီး ဖြည့်စွက်ပေးအပ်သည့် အကူအညီ။

(၈၇) တစ်ဦးချင်းပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ **အိမ်ထောင်ဖက်** ဆိုသည်မှာ အောက်ပါတစ်ဦးဦးကို ဆိုသည်-

(ကက) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့် လက်ထပ်ထားသည့် တစ်ဦးချင်း ပုဂ္ဂိုလ်တစ်ဦး၊

(ခခ) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့် လက်ထပ်မထားသော်လည်း ယင်းနှင့် အကြင်လင်မယားအဖြစ်အတူနေထိုင်လျက်ရှိသည့် သို့မဟုတ် ယင်းကာလမတိုင်မီ ၁၂ လတာကာလ တစ်လျှောက်ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့် ထိုကဲ့သို့သော ဆက်ဆံရေးမျိုးဖြင့် အတူနေထိုင်ခဲ့သည့်တစ်ဦးချင်း ပုဂ္ဂိုလ်တစ်ဦး၊

(ဂဂ) အောက်ပါအခြေအနေတစ်ရပ်ရပ်မှအပ ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့် တွဲဖက်လျက် ကလေးတစ်ဦး၏ မိဘအရင်း သို့မဟုတ် မွေးစားမိဘဖြစ်နေသည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး-

(၁-၁) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှစ်ဦးသည် လက်ထပ်ထားခြင်းဖြစ်ပါက ကွာရှင်းပြီးဖြစ်ခြင်း၊

(၁-၂) ကျန်အခြေအနေအားလုံးတွင် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှစ်ဦးသည် တစ်ဆက်တည်းဖြစ်သည့် အနည်းဆုံး ၁၂ လတာကာလတွင် အကြင်လင်မယားအဖြစ် အတူနေထိုင်ခဲ့ခြင်း မရှိတော့ခြင်း။

(၈၈) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ **ဖွံ့ဖြိုးတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက်** ဆိုရာတွင် အဆောက်အအုံ၊ လမ်း၊ အဝင်လမ်း၊ ယာဉ်ရပ်နားရန်နေရာ၊ ပိုက်လိုင်း၊ တံတား၊ ဥမင်လိုဏ်ခေါင်း၊ လေယာဉ်ပြေးလမ်း၊ တူးမြောင်း၊ သင်္ဘောကျင်း၊ ဆိပ်ခံ၊ ကမ်းထိန်းနံရံ၊ ခြံစည်းရိုး၊ ဓာတ်အားလိုင်း၊ ရေပိုက်များ သို့မဟုတ် ရေဆိုးစွန့်ပိုက်များ၊ မြောင်း၊ မြေယာရှုခင်း သို့မဟုတ် ဆည်တို့လည်း အကျုံးဝင်သည်။

(၈၉) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ ကျသင့်သည့် အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်ကိုအရစ်ကျပေးသွင်းမှုများနှင့် နုတ်ယူရန်ဝင်ငွေမှ နုတ်ယူထားသည့် ငွေကြေးပမာဏများလည်းပါဝင်သည်။

(၉၀) **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ** ဆိုသည်မှာ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀) ကို ဆိုသည်။

(၉၁) **အခွန်နှစ်** ဆိုသည်မှာ-

(ကက) ကုမ္ပဏီအတွက်ဖြစ်ပါက ပုဒ်မ ၇၂ အရ ဆုံးဖြတ်သည့် ယင်းကုမ္ပဏီ၏ စာရင်းနှစ်၊

(ခခ) အခြားပုဂ္ဂိုလ်တစ်ဦးဦးအတွက်ဖြစ်ပါက ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(၉၂) **အခွန်စည်းကြပ်ရန်ဝင်ငွေ** (taxable income) ဆိုသည်မှာ ပုဒ်မ ၁၄ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၉၃) **နည်းပညာဆိုင်ရာအခ** (technical fee) ဆိုသည်မှာ နည်းပညာဆိုင်ရာ၊ ပညာသည်ဆိုင်ရာ သို့မဟုတ် အကြံပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် အခကို ဆိုသည်။ ယင်းစကားရပ်တွင် နည်းပညာ သို့မဟုတ် အခြားပညာရပ်ကျွမ်းကျင်သူလူပုဂ္ဂိုလ် ထောက်ပံ့ပေးခြင်းအတွက် အခလည်း ပါဝင်သည်။ သို့ရာတွင် အလုပ်အကိုင်မှဝင်ငွေ သို့မဟုတ် ခိုင်ကြေး မပါဝင်။

(၉၄) **ရောင်းဝယ်ရန် ကုန်စည်များ** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(ကက) လုပ်ငန်းတစ်ခုမှ စည်းကြပ်ထိုက်သော ဝင်ငွေရရှိစေရေးအတွက် ထုတ်လုပ်ရန်၊ ရောင်းချရန် သို့မဟုတ် ဖလှယ်ရန် ရည်ရွယ်လျက် စိုက်ပျိုးသော၊ ထုတ်လုပ်သော၊ ဝယ်ယူသော သို့မဟုတ် အခြားနည်းဖြင့် ရယူသော မည်သည့်အရာမဆို၊

( ခ ခ ) ပုဒ်မခွဲငယ်စိတ် (ကက) တွင် ဖော်ပြထားသည့် ထုတ်လုပ်မှု သို့မဟုတ် ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်တွင် အသုံးပြုသည့် မည်သည့် ကုန်ကြမ်း သို့မဟုတ် ကုန်လွယ်သော အရာမဆို၊

( ဂ ဂ ) လုပ်ငန်းတစ်ခုမှ စည်းကြပ်ထိုက်သောဝင်ငွေရရှိရန် ဆောင်ရွက်သည့် ယင်းလုပ်ငန်း၏ မွေးမြူရေးတိရစ္ဆာန်များ၊ သို့ရာတွင် ယင်းစကားရပ်တွင် ဝန်တင်နှင့် လုပ်ငန်းသုံးတိရစ္ဆာန်များ မပါဝင်။

(၉၅) **ယုံကြည်အပ်နှံမှု** ဆိုရာတွင် သေဆုံးသွားသည့် တစ်ဦးချင်းပုဂ္ဂိုလ်၏ အမွေပုံပစ္စည်း မပါဝင်။

(၉၆) ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ **မမြင်သာသည့် ပိုင်ဆိုင်မှု (underlying ownership)** ဆိုသည်မှာ တစ်ဦးချင်းပုဂ္ဂိုလ် တစ်ဦးကဖြစ်စေ၊ အဆုံးတွင် တစ်ဦးချင်းပုဂ္ဂိုလ်များက ပိုင်ဆိုင်ထားခြင်း မဟုတ်သည့် ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ တစ်ခု သို့မဟုတ် တစ်ခုထက် ပိုသည့် ကြားခံတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များမှတစ်ဆင့် သွယ်ဝိုက်၍ သော်လည်းကောင်း ရယူပိုင်ဆိုင်ထားသည့် ယင်းကုမ္ပဏီရှိ အဖွဲ့ဝင်အကျိုးစီးပွားကို ဆိုသည်။

(၉၇) ရရန်ပိုင်ခွင့်တစ်ခုနှင့် စပ်လျဉ်း၍ **အသုံးပြုခြင်း** ဆိုရာတွင် အသုံးပြုရန် ရရှိနိုင်ခြင်း သို့မဟုတ် ထိန်းချုပ်ထားခြင်းလည်း ပါဝင်သည်။

(၉၈) **နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ် (withholding agent)** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးက ပြုလုပ်သည့် ပေးချေမှုမှ အခန်း (၉) အရ ငွေကြေးပမာဏတစ်ရပ်ကို နုတ်ယူထားရန် လိုအပ်သည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(၉၉) **နုတ်ယူရန်ဝင်ငွေ** ဆိုသည်မှာ နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်က အခန်း (၉) အရ ငွေကြေး ပမာဏတစ်ရပ်ကို နုတ်ယူထားရန် လိုအပ်သည့် ဝင်ငွေကို ဆိုသည်။

( ခ ) ဤဥပဒေ၌ အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်း မရှိလျှင် ဤဥပဒေတွင် ဖော်ပြထားသည့် ရက်များသည် တစ်ဆက်တည်းဖြစ်သည့် ရက်များကို ဆိုလိုခြင်း ဖြစ်သည်။

**တွဲဖက်လုပ်ကိုင်သူ**

၄။ (က) ပုဒ်မခွဲ (ခ) နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်နှစ်ဦးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် တွဲဖက်လုပ်ကိုင်သူ ဖြစ်ကြသည်-

(၁) ယင်းတို့နှစ်ဦးကြား ဆက်ဆံရေးသည် ပုဂ္ဂိုလ်တစ်ဦးက ကျန်ပုဂ္ဂိုလ်တစ်ဦး၏ ညွှန်ကြားချက်၊ မေတ္တာရပ်ခံချက်၊ အကြံပြုချက် သို့မဟုတ် ဆန္ဒနှင့်အညီ ပြုမူမည်ဟု ကြောင်းကျိုးဆီလျော်စွာ ယူဆနိုင်သည့် ဆက်ဆံရေးမျိုးဖြစ်ခြင်း၊

(၂) ပုဂ္ဂိုလ်နှစ်ဦးလုံးက တတိယပုဂ္ဂိုလ်၏ ညွှန်ကြားချက်၊ မေတ္တာရပ်ခံချက်၊ အကြံပြုချက် သို့မဟုတ် ဆန္ဒနှင့်အညီ ပြုမူမည်ဟု ကြောင်းကျိုးဆီလျော်စွာ ယူဆနိုင်ခြင်း။

( ခ ) ပုဂ္ဂိုလ်နှစ်ဦးအနက် တစ်ဦးသည် ကျန်တစ်ဦး၏ ဝန်ထမ်း သို့မဟုတ် လုပ်ငန်းအပ်နှံသူ (client) ဖြစ်ခြင်း သို့မဟုတ် ယင်းတို့နှစ်ဦးလုံးသည် တတိယပုဂ္ဂိုလ်၏ ဝန်ထမ်းများ သို့မဟုတ် လုပ်ငန်း အပ်နှံသူများဖြစ်ခြင်းဟူသော အကြောင်းတစ်ခုတည်းကြောင့် ယင်းပုဂ္ဂိုလ်နှစ်ဦးကို တွဲဖက် လုပ်ကိုင်သူများဟု သတ်မှတ်နိုင်ခြင်း မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) ၏ ယေဘုယျဖြစ်မှုအပေါ် ကန့်သတ်ခြင်း မဖြစ်စေဘဲ အောက်ပါပုဂ္ဂိုလ်များကို တွဲဖက်လုပ်ကိုင်သူများအဖြစ် မှတ်ယူရမည်-

(၁) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးနှင့် ယင်း၏ ဆွေမျိုးတစ်ဦး၊

(၂) ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အစုဝင်တစ်ဦးသည် ယင်းတစ်ဦးတည်းဖြစ်စေ၊ ဤပုဒ်မကို သီးခြားကျင့်သုံးမှုအရ တွဲဖက်လုပ်ကိုင်သူတစ်ဦး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူများနှင့် ပူးတွဲလျက်ဖြစ်စေ ယင်းပညာသည် အစုစပ်လုပ်ငန်း၏ဝင်ငွေ သို့မဟုတ် မတည်ငွေရင်းကို သက်ဆိုင်ပိုင်ခွင့်၏ (၅၀) ရာခိုင်နှုန်းနှင့် အထက်ကို ထိန်းချုပ်ထားလျှင် ယင်းအစုဝင်နှင့် ယင်းပညာသည်အစုစပ်လုပ်ငန်း၊

(၃) ယုံကြည်အပ်နှံမှုတစ်ခုနှင့် ခန့်အပ်ခြင်းဆိုင်ရာ အခွင့်အာဏာ ကျင့်သုံးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ယင်းယုံကြည်အပ်နှံမှုမှ အကျိုးခံစားခွင့်ရှိသည့် သို့မဟုတ် အကျိုးခံစားခွင့်ရရှိနိုင်သည့် ပုဂ္ဂိုလ်တစ်ဦး၊

(၄) ကုမ္ပဏီတစ်ခု၏ အဖွဲ့ဝင်တစ်ဦးသည် ယင်းတစ်ဦးတည်းဖြစ်စေ၊ ဤပုဒ်မကို သီးခြားကျင့်သုံးမှုအရ တွဲဖက်လုပ်ကိုင်သူတစ်ဦး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူများနှင့် ပူးတွဲလျက်ဖြစ်စေ ကုမ္ပဏီကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ကြားခံတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များမှ တစ်ဆင့်သော်လည်းကောင်း အောက်ပါအတိုင်းအတာ တစ်ရပ်ရပ်အထိ ထိန်းချုပ်ထားလျှင် ယင်းအဖွဲ့ဝင်နှင့် ယင်းကုမ္ပဏီ-

(ကက) ကုမ္ပဏီတွင် မဲပေးနိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့် အထက်၊

(ခခ) အမြတ်ဝေစုများကို ရရှိပိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့် အထက်၊

(ဂဂ) မတည်ငွေရင်းကို သက်ဆိုင်ပိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့် အထက်။

(၅) ပုဂ္ဂိုလ်တစ်ဦးသည် ယင်းတစ်ဦးတည်းဖြစ်စေ၊ ဤပုဒ်မကို သီးခြားကျင့်သုံးမှုအရ တွဲဖက်လုပ်ကိုင်သူတစ်ဦး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူများနှင့် ပူးတွဲလျက်ဖြစ်စေ ကုမ္ပဏီနှစ်ခုကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ကြားခံတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များမှ တစ်ဆင့်သော်လည်းကောင်း အောက်ပါအတိုင်းအတာ တစ်ရပ်ရပ်အထိ ထိန်းချုပ်ထားလျှင် ယင်းကုမ္ပဏီနှစ်ခု-

(ကက) ကုမ္ပဏီနှစ်ခုလုံးတွင် မဲပေးနိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့် အထက်၊

(ခခ) ကုမ္ပဏီနှစ်ခုလုံးတွင် အမြတ်ဝေစုများကို ရရှိပိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့် အထက်၊

(ဂဂ) ကုမ္ပဏီနှစ်ခုလုံးတွင် မတည်ငွေရင်းကို သက်ဆိုင်ပိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့် အထက်။

(ဃ) ပုဒ်မခွဲ (ဂ) ၏ ပုဒ်မခွဲငယ် (၂)၊ (၄) သို့မဟုတ် ပုဒ်မခွဲငယ် (၅) တို့ကို ကျင့်သုံးရာ၌ ပုဂ္ဂိုလ်တစ်ဦး၏ ပိုင်ဆိုင်မှုများအဖြစ် တွဲဖက်လုပ်ကိုင်သူတစ်ဦးမှ ရည်ညွှန်းထားသည့်အရာများကို ယင်းပုဂ္ဂိုလ်၏ အခြားတွဲဖက်လုပ်ကိုင်သူတစ်ဦး၏ ပိုင်ဆိုင်မှုများအဖြစ် ထပ်မံ ရည်ညွှန်းခြင်း မပြုရ။

**အကျိုးအမြတ်မယူသည့်အဖွဲ့အစည်း**

၅။ (က) **အကျိုးအမြတ်မယူသည့်အဖွဲ့အစည်း** ဆိုသည်မှာ အောက်ပါအခြေအနေများနှင့် ကိုက်ညီသည့် ကုမ္ပဏီတစ်ခုကို ဆိုသည်-

(၁) အောက်ပါရည်ရွယ်ချက်တစ်ခုခုအတွက် သီးသန့်တည်ထောင်ထားသော ကုမ္ပဏီဖြစ်ခြင်း-

(ကက) ဆင်းရဲနွမ်းပါးမှု၊ ဒုက္ခဖိစီးမှု သို့မဟုတ် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကို ခံစားနေရသူများအား သက်သာမှုရရှိစေရန် သို့မဟုတ် ပညာရေးတွင် တိုးတက်ဖြစ်ထွန်းစေရန်၊

(ခခ) ဘာသာရေး ထွန်းကားပြန့်ပွားစေရန်၊

(ဂ ဂ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်ဖြန့်ဖြူးခြင်း သို့မဟုတ် သုတေသနပြုလုပ်ခြင်းတို့ အပါအဝင် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ရန်။

(၂) ကုမ္ပဏီ၏ ဝင်ငွေ သို့မဟုတ် အခြားရန်ပုံငွေများ သို့မဟုတ် ရရန်ပိုင်ခွင့်များ၏ မည်သည့် အစိတ်အပိုင်းကိုမျှ ကုမ္ပဏီ၏ အဖွဲ့ဝင်တစ်ဦး သို့မဟုတ် ယင်းအဖွဲ့ဝင်၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦး၏ ပုဂ္ဂလိကအကျိုးခံစားခွင့်အတွက် အသုံးမပြုခြင်း သို့မဟုတ် အသုံးပြုရန် မရရှိနိုင်ခြင်းနှင့်

(၃) ညွှန်ကြားရေးမှူးချုပ်က ယင်းကုမ္ပဏီကို အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းအဖြစ် စာဖြင့် ရေးသားအကြောင်းကြားလျက် အသိအမှတ်ပြုထားခြင်း။

(ခ) ကုမ္ပဏီသည် အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုပေးရန် သတ်မှတ်ထားသည့်ပုံစံဖြင့် ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လျှောက်ထားလာသည့် ကုမ္ပဏီသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့ပါ အခြေအနေများနှင့် ကိုက်ညီပါက ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားချက်ကို ခွင့်ပြုပေးရမည်။

(ဃ) ကုမ္ပဏီတစ်ခုအား အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခြင်းသည် အသိအမှတ်ပြုကြောင်း အကြောင်းကြားစာတွင် ဖော်ပြထားသည့် နေ့မှစတင်သက်ရောက်ပြီး ကုမ္ပဏီသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါ အခြေအနေများနှင့် ကိုက်ညီခြင်း မရှိတော့သည့်နေ့မတိုင်မီနေ့အထိ သို့မဟုတ် အသိအမှတ်ပြုခြင်းကို ရပ်စဲကြောင်း ညွှန်ကြားရေးမှူးချုပ်က ကုမ္ပဏီထံ ရေးသားသည့် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ယင်းထက် နောက်ကျသောနေ့အထိ အကျိုးသက်ရောက်စေရမည်။

(င) အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခြင်းခံရသည့် ကုမ္ပဏီသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့ပါ အခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီခြင်း မရှိတော့ပါက ညွှန်ကြားရေးမှူးချုပ်ထံသို့ စာဖြင့်ရေးသားလျက် ချက်ချင်းအသိပေးရမည်။

**ပြင်ပဈေးကွက်ပေါက်ဈေး**

၆။ (က) ပုဒ်မ ၅၀ နှင့် မဆန့်ကျင်စေဘဲ ကာလတစ်ရပ်တွင်ရှိသည့် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ပြင်ပဈေးကွက်ပေါက်ဈေးသည် ယင်းရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်၏ ယင်းကာလ၌ သာမန်ပြင်ပဈေးကွက်တွင်ရှိသည့် တန်ဖိုး ဖြစ်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကာလတစ်ရပ်တွင်ရှိသည့် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ပြင်ပဈေးကွက်ပေါက်ဈေးကို ဆုံးဖြတ်ရန် မဖြစ်နိုင်ပါက ပြင်ပဈေးကွက် ပေါက်ဈေးသည် အလားတူ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုက ယင်းကာလ၌ သာမန်အားဖြင့် ရရှိနိုင်သည့် အဖိုးစားနား ဖြစ်သည်။ ယင်းအဖိုးစားနားသည် အလားတူ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုနှင့် အမှန်တကယ် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့် တစ်ခုတို့အကြား ခြားနားချက်များကို ထည့်သွင်းစဉ်းစားကိုက်ညှိထားသည့် အဖိုးစားနားဖြစ်သည်။

(ဂ) ပုဒ်မခွဲ (ခ) ၏ ရည်ရွယ်ချက်များအလို့ငှာ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုသည် အခြားရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့် တစ်ခုနှင့် လက္ခဏာ၊ အရည်အသွေး၊ ပမာဏ၊ လုပ်ဆောင်ချက်၊ အသုံးပြုပစ္စည်းနှင့် ဂုဏ်သတင်း တို့တွင် တူညီနေလျှင် သို့မဟုတ် နီးနီးစပ်စပ် ဆင်တူမှုရှိလျှင် ယင်းရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်သည် ကျန်ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်နှင့် အလားတူ ဖြစ်သည်။

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ပြင်ပဈေးကွက်ပေါက်ဈေးကို မဆုံးဖြတ်နိုင်ပါက ယင်းပြင်ပဈေးကွက်ပေါက်ဈေးသည် ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်သည့် ငွေကြေးပမာဏ ဖြစ်သည်။ သို့ရာတွင် ယင်းသို့ ပေါက်ဈေးသတ်မှတ်ခြင်းသည် ယေဘုယျအားဖြင့် လက်ခံထားသည့် တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ အခြေခံမူများ (generally accepted valuation principles) နှင့် ညီညွတ်မှုရှိစေရမည်။

(င) ဤဥပဒေတွင် အခြားနည်းဖြင့် ဖော်ပြထားခြင်းမရှိလျှင် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ကာလတစ်ရပ်တွင်ရှိသည့် တန်ဖိုးသည် ယင်းရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်၏ ယင်းကာလရှိ ပြင်ပဈေးကွက်ပေါက်ဈေး ဖြစ်သည်။

## အမြဲတမ်းလုပ်ငန်းတည်ရာဌာန

၇။ (က) ဤပုဒ်မနှင့် မဆန့်ကျင်စေဘဲ အမြဲတမ်းလုပ်ငန်းတည်ရာဌာနသည် ပုဂ္ဂိုလ်တစ်ဦး၏ လုပ်ငန်းကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ဆောင်ရွက်သည့် လုပ်ငန်းနေရာကို ဆိုသည်။

(ခ) အောက်ပါတို့ကို အမြဲတမ်းလုပ်ငန်းတည်ရာဌာနအဖြစ် မှတ်ယူရမည်-

(၁) စီမံခန့်ခွဲသည့်နေရာ၊ အခွဲ (branch)၊ ရုံး၊ စက်ရုံ၊ ကုန်လှောင်ရုံ သို့မဟုတ် အလုပ်ရုံ၊ သို့ရာတွင် ယင်းပုဂ္ဂိုလ်၏လုပ်ငန်းကို ကိုယ်စားပြုရန် (representation) လုပ်ဆောင်မှု တစ်ခုတည်းအတွက်သာ ဆောင်ရွက်သည့်ရုံး မပါဝင်၊

(၂) ဓာတ်သတ္တုတွင်း သို့မဟုတ် ကျောက်မျက်ရတနာတွင်း၊ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့တွင်း၊ ကျောက်ထုတ်စခန်း သို့မဟုတ် သဘာဝသယံဇာတများကို ရှာဖွေသည့် သို့မဟုတ် တူးဖော်ထုတ်ယူသည့် အခြားနေရာဖြစ်ပြီး ယင်းတို့တွင် တပ်ဆင်ထားရှိသည့် အရာများ၊ အဆောက်အအုံ၊ ရေနံတွင်းတူးစင်၊ သဘာဝသယံဇာတများ ရှာဖွေရာ၌ သို့မဟုတ် တူးဖော်ထုတ်ယူရာ၌ အသုံးပြုသည့် ရေယာဉ်တို့လည်း ပါဝင်သည်၊

(၃) ပုဂ္ဂိုလ်တစ်ဦးက အကြံပေးဝန်ဆောင်မှုများ အပါအဝင်ဖြစ်သည့် ဝန်ဆောင်မှုများကို ယင်းကိုယ်တိုင်ဖြစ်စေ၊ ယင်းပုဂ္ဂိုလ်က ယင်းကဲ့သို့သော ရည်ရွယ်ချက်အတွက် ခန့်အပ်တာဝန်ပေးသည့် ဝန်ထမ်းများဖြင့်ဖြစ်စေ၊ အခြားသူများဖြင့်ဖြစ်စေ ဆောင်ရွက်ပေးခြင်း၊ သို့ရာတွင် ယင်းသို့သော သဘောသဘာဝရှိသည့် လုပ်ဆောင်ချက်များသည် ယင်းပုဂ္ဂိုလ် သို့မဟုတ် ယင်း၏ တွဲဖက်လုပ်ကိုင်သူတစ်ဦး၏ တူညီသော သို့မဟုတ် ဆက်စပ်နေသော စီမံချက်တစ်ခုအတွက် မည်သည့် ၁၂ လတာ ကာလအတွင်း၌မဆို စုစုပေါင်း ရက် ၃၀ ထက်ပိုမိုကြာမြင့်သော ကာလတစ်ခု သို့မဟုတ် ကာလများဖြင့် ဆက်လက်ဖြစ်ပေါ်နေမှသာ ယင်းသို့ အကျုံးဝင်သည်။

(ဂ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ တည်ဆောက်ရေးလုပ်ငန်းခွင်၊ ဆောက်လုပ်ရေး၊ ပေါင်းစည်းတပ်ဆင်ခြင်း သို့မဟုတ် တပ်ဆင်တည်ဆောက်ခြင်းဆိုင်ရာ စီမံချက် သို့မဟုတ် ယင်းကဲ့သို့သော လုပ်ငန်းခွင် သို့မဟုတ် စီမံချက်နှင့် ဆက်စပ်နေသည့် ကြီးကြပ်ကွပ်ကဲရေး လုပ်ဆောင်ချက်သည် ရက်ပေါင်း ၉၀ ထက် ပိုမိုကြာမြင့်စွာ ဆက်လက်တည်ရှိနေမှသာလျှင် အမြဲတမ်းလုပ်ငန်းတည်ရာဌာန ဖြစ်သည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မခွဲ (ဂ) တွင် ဖော်ပြခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းခွင် သို့မဟုတ် စီမံချက် သို့မဟုတ် လုပ်ဆောင်ချက်တစ်ရပ်ကို ဆောင်ရွက်သည့်အခါတွင် ရက်ပေါင်း ၉၀ ထက် ပိုမိုကြာမြင့်ခြင်း ရှိ မရှိ ဆုံးဖြတ်နိုင်ရန်အလို့ငှာ ယင်းပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးက ဆောင်ရွက်သည့် ဆက်စပ်မှုရှိသော မည်သည့်လုပ်ဆောင်ချက်ကိုမဆို ပထမပုဂ္ဂိုလ်က တည်ဆောက်ရေးလုပ်ငန်းခွင် သို့မဟုတ် လုပ်ဆောင်ချက်များကို လုပ်ကိုင်ဆောင်ရွက်သည့် ကာလတွင် ပေါင်းထည့်ရမည်။

( င) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တွင် မည်သို့ပင်ဆိုစေကာမူ ပုဂ္ဂိုလ်တစ်ဦး [ယင်းကို "ကိုယ်စားလှယ်" (Agent) ဟု ရည်ညွှန်းမည်] သည် အခြားပုဂ္ဂိုလ်တစ်ဦး၏ [ယင်းကို "အရင်းခံပုဂ္ဂိုလ်" (Principal) ဟု ရည်ညွှန်းမည်] ကိုယ်စားဆောင်ရွက်သည့်အခါ ကိုယ်စားလှယ်သည် အောက်ပါ တစ်ခုခုကို ပြုလုပ်ပါက ကိုယ်စားလှယ်သည် အရင်းခံပုဂ္ဂိုလ်၏ အမြဲတမ်းလုပ်ငန်းတည်ရာ ဌာန ဖြစ်သည်-

(၁) ပဋိညာဉ်များကို အရင်းခံပုဂ္ဂိုလ် အမည်ဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ်အမည်ဖြင့်ဖြစ်စေ ပြုလုပ်စေကာမူ ယင်းပဋိညာဉ်များကို အရင်းခံပုဂ္ဂိုလ်ကိုယ်စား လုပ်ရိုးလုပ်စဉ်အတိုင်း ပုံမှန်ညှိနှိုင်းဆွေးနွေးခြင်း၊

(၂) ကိုယ်စားလှယ်သည် ကုန်စည်များကို ထိန်းသိမ်းထားပြီး ယင်းကုန်စည်များကို အရင်းခံပုဂ္ဂိုလ် ကိုယ်စား လုပ်ရိုးလုပ်စဉ်အတိုင်း ပုံမှန် သယ်ယူပေးပို့ ဖြန့်ဝေခြင်း၊
သို့ရာတွင် ယင်းကိုယ်စားလှယ်သည် ယင်းကဲ့သို့သော လုပ်ငန်းမျိုးကို ယင်းလုပ်ငန်း၏ သဘောသဘာဝအရ ပုံမှန်ဆောင်ရွက်နေသည့် သီးခြားလွတ်လပ်သော အထွေထွေ ကိုယ်စားလှယ် မဖြစ်စေရ။

**ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်**

၈။ (က) ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့နှင့် မဆန့်ကျင်စေဘဲ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါ အခြေအနေတစ်ရပ်ရပ်တွင် အခွန်နှစ်တစ်နှစ်အတွက် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ် ဖြစ်သည်-

(၁) ယင်းအခွန်နှစ်အတွင်း မြန်မာနိုင်ငံတွင် ၎င်း၏ နေအိမ်ရှိခြင်း၊

(၂) ယင်းအခွန်နှစ်အတွင်း စတင်သည့် သို့မဟုတ် ကုန်ဆုံးသည့် မည်သည့် ၁၂ လတာကာလ အတွင်းမဆို စုစုပေါင်း အနည်းဆုံး ၁၈၃ ရက်ရှိသည့် ကာလ သို့မဟုတ် ကာလများအတွက် မြန်မာနိုင်ငံတွင် ရှိနေခြင်း၊

(၃) မြန်မာနိုင်ငံသားဖြစ်ပြီး အစိုးရ သို့မဟုတ် အများပြည်သူဆိုင်ရာ အာဏာပိုင်အဖွဲ့၏ အရာရှိ သို့မဟုတ် ဝန်ထမ်းဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အခွန်နှစ်တစ်နှစ် (ဤပုဒ်မတွင် "လက်ရှိအခွန်နှစ်" ဟု ရည်ညွှန်းမည်) တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်သူသည် ပြီးခဲ့သည့်အခွန်နှစ်တွင် ပြည်တွင်းနေ တစ်ဦးချင်း ပုဂ္ဂိုလ်မဟုတ်ခဲ့ပါက ယင်းကို ယင်းတစ်ဦးချင်းပုဂ္ဂိုလ် မြန်မာနိုင်ငံတွင် ပထမဆုံးရှိနေသည့်နေ့မှ စတင်သည့်ကာလအတွက်သာ လက်ရှိအခွန်နှစ်တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လက်ရှိအခွန်နှစ်တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်သည့် တစ်ဦးချင်း ပုဂ္ဂိုလ်တစ်ဦးသည် လာမည့်အခွန်နှစ်တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ် မဟုတ်ပါက ယင်းကို ယင်းတစ်ဦးချင်းပုဂ္ဂိုလ် မြန်မာနိုင်ငံတွင် နောက်ဆုံးရှိနေသည့်နေ့တွင် ကုန်ဆုံးသည့် ကာလ အတွက်သာ လက်ရှိအခွန်နှစ်တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

**မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေ**

၉။ (က) အောက်ပါအလုပ်အကိုင်မှ ဝင်ငွေတစ်ရပ်ရပ်သည် မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်သည်-

(၁) ဝင်ငွေကို မည်သည့်နေရာတွင် ပေးချေသည်ဖြစ်စေ ဝန်ထမ်းတစ်ဦးက မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သော အလုပ်အကိုင်မှ ရရှိလာသည့် အတိုင်းအတာအထိဖြစ်သောဝင်ငွေ၊

(၂) အလုပ်အကိုင်ကို မည်သည့်နေရာတွင် ဆောင်ရွက်သည်ဖြစ်စေ မြန်မာနိုင်ငံအစိုးရကသော် လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရကိုယ်စား သော်လည်းကောင်း ဝန်ထမ်းတစ်ဦးသို့ ပေးချေသည့် ဝင်ငွေ။

(ခ) ပြည်တွင်းနေပုဂ္ဂိုလ်က မြန်မာနိုင်ငံပြင်ပရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှတစ်ဆင့် လုပ်ငန်းတစ်ရပ်ဆောင်ရွက်ခြင်းကြောင့် ရရှိလာခြင်းဟု မှတ်ယူနိုင်သည့် (Attributable) အတိုင်းအတာအထိဖြစ်သော ဝင်ငွေမှလွဲ၍ ယင်းပြည်တွင်းနေပုဂ္ဂိုလ် ရရှိလာသည့် လုပ်ငန်းမှ ဝင်ငွေသည် မြန်မာနိုင်ငံ ရင်းမြစ်မှဝင်ငွေ ဖြစ်သည်။

(ဂ) ပြည်ပနေပုဂ္ဂိုလ်က ရရှိလာသည့် လုပ်ငန်းမှဝင်ငွေသည် အောက်ပါအခြေအနေတစ်ရပ်ရပ်မှ ရရှိလာခြင်းဟုမှတ်ယူနိုင်သည့် အတိုင်းအတာအထိ မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေ ဖြစ်သည်-

(၁) ပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာန တစ်ခုမှတစ်ဆင့် ဆောင်ရွက်သည့်လုပ်ငန်း၊

(၂) ပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာန တစ်ခုမှတစ်ဆင့် ရောင်းချသည့် ကုန်ပစ္စည်းများ သို့မဟုတ် ကုန်စည်များနှင့် တူညီသော သို့မဟုတ် အလားသဏ္ဍာန် တူသော ကုန်ပစ္စည်းများ သို့မဟုတ် ကုန်စည်များကို ယင်းပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံ အတွင်း၌ ရောင်းချခြင်း၊

(၃) ပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနမှတစ်ဆင့် ဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်ချက်နှင့် တူညီသော သို့မဟုတ် အလားသဏ္ဍာန်တူသော အခြားမည်သည့် လုပ်ငန်းဆောင်ရွက်ချက်ကိုမဆို ယင်းပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံအတွင်း၌ ဆောင်ရွက်ခြင်း။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တွင် မည်သို့ပင်ဆိုစေကာမူ အောက်ပါတို့သည် မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်သည်-

(၁) မြန်မာနိုင်ငံတွင် တည်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အငှားချထားခြင်းမှ ရရှိသည့် ငှားရမ်းခ၊

(၂) မြန်မာနိုင်ငံရှိ ရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်လာသည့် အမြတ်အစွန်း၊

(၃) မြန်မာနိုင်ငံရှိ ဆုံးရှုံးနိုင်ခြေတစ်ခုကို အာမခံထားရှိခြင်း သို့မဟုတ် တစ်ဆင့်အာမခံ ထားရှိခြင်းနှင့် ဆက်စပ်နေသည့် အာမခံပရီမီယံ၊

(၄) ဖျော်ဖြေသူတစ်ဦး သို့မဟုတ် ဖျော်ဖြေသူအုပ်စုတစ်ခုက မြန်မာနိုင်ငံအတွင်း ဖျော်ဖြေ တင်ဆက်မှုမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရရှိသည့်ဝင်ငွေ၊

(၅) ဓာတ်သတ္တု၊ ကျောက်မျက်ရတနာ၊ ရေနံ သို့မဟုတ် အခြားသက်ရှိ သို့မဟုတ် သက်မဲ့ရင်းမြစ်ကို မြန်မာနိုင်ငံ၏ မြေမှဖြစ်စေ၊ ရေပိုင်နက် သို့မဟုတ် သီးသန့်စီးပွားရေးဇုန်မှဖြစ်စေ ထုတ်ယူခြင်းနှင့် သက်ဆိုင်ပါက သဘာဝသယံဇာတဆိုင်ရာငွေကြေးပမာဏ၊

(၆) အောက်ပါနည်းလမ်းတစ်ခုခုဖြင့် ပေါ်ပေါက်သည့် အတိုး၊ ခိုင်ကြေး၊ နှစ်စဉ်ကြေး၊ စီမံခန့်ခွဲမှုအခ သို့မဟုတ် နည်းပညာအခ (technical fee)-

(ကက) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးက မြန်မာနိုင်ငံပြင်ပရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာန တစ်ခုမှတစ်ဆင့် ယင်းပြည်တွင်းနေပုဂ္ဂိုလ် ဆောင်ရွက်သည့် လုပ်ငန်းတစ်ခု၏ အသုံးစရိတ်အဖြစ်မဟုတ်သော ပေးချေခြင်း၊

(ခခ) ပြည်ပနေပုဂ္ဂိုလ်တစ်ဦးက မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှ တစ်ဆင့် ယင်းပြည်ပနေပုဂ္ဂိုလ် ဆောင်ရွက်သည့် လုပ်ငန်းတစ်ခု၏ အသုံးစရိတ် အဖြစ် ပေးချေခြင်း။

(၇) ပြည်တွင်းနေ ကုမ္ပဏီတစ်ခုက ပေးချေသည့် အမြတ်ဝေစု၊

(၈) ပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂၃)၊ ပုဒ်မခွဲငယ်စိတ် (စစ) အရ အမြတ်ဝေစုအဖြစ် မှတ်ယူသည့် ငွေကြေးပမာဏတစ်ရပ်။

**အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှု**

၁၀။ ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အောက်ပါတို့သည် အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှုများ ဖြစ်သည်-

(က) မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်ပြီး ပြည်ပနေပုဂ္ဂိုလ်တစ်ဦးကို ပေးချေသည့် သို့မဟုတ် ပေးရန်ရှိသည့် အမြတ်ဝေစုများ၊ အတိုး၊ ခိုင်ကြေး၊ နှစ်စဉ်ကြေး၊ အာမခံပရီမီယံ၊ စီမံခန့်ခွဲမှု အခများ၊ သဘာဝသယံဇာတဆိုင်ရာငွေကြေးပမာဏများ သို့မဟုတ် နည်းပညာအခများ (technical fees)၊

(ခ) ပြည်ပနေဖျော်ဖြေသူတစ်ဦး သို့မဟုတ် ဖျော်ဖြေသူအုပ်စုတစ်စုကို မြန်မာနိုင်ငံအတွင်း ပြုလုပ်သည့် ဖျော်ဖြေတင်ဆက်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းအတွက် ပေးချေမှုများ၊

(ဂ) မည်သည့်ပြည်ပနေပုဂ္ဂိုလ်ကိုမဆို ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့် ဖျော်ဖြေ တင်ဆက်မှု တစ်ခုအတွက် ပေးချေမှုများ။

**ဥပဒေသည် နိုင်ငံတော်အပေါ် စည်းနှောင်မှုရှိစေခြင်း**

၁၁။ ဤဥပဒေသည် မြန်မာနိုင်ငံအပေါ် စည်းနှောင်မှုရှိစေရမည်။

## အခန်း (၂)
## အခွန်ကျသင့်စေခြင်း

**ဝင်ငွေခွန်ကျသင့်စေခြင်း**

၁၂။ (က) ဝင်ငွေခွန်ကို အခွန်နှစ်တစ်နှစ်စီအတွက် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက ပေးဆောင်ရမည်-

(၁) ယင်းအခွန်နှစ်အတွက် အခွန်စည်းကြပ်ရန်ဝင်ငွေ ရရှိသူ၊

(၂) ယင်းအခွန်နှစ်အတွင်း အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှုတစ်ရပ်ကို ရရှိသူ။

(ခ) အခွန်နှစ်တစ်နှစ်အတွက် ပုဂ္ဂိုလ်တစ်ဦး ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲငယ် (၂) အရ ပေးဆောင်ရန် ငွေကြေးပမာဏများ၏ စုစုပေါင်း ဖြစ်သည်။

(ဂ) ပုဒ်မ ၄၁ နှင့် မဆန့်ကျင်စေဘဲ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ပုဂ္ဂိုလ်တစ်ဦးပေးဆောင် ရမည့် ဝင်ငွေခွန်ကို အောက်ပါအတိုင်း တွက်ချက်ရမည်-

(၁) ပထမဦးစွာ ဇယား (၁) တွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာနှုန်း သို့မဟုတ် နှုန်းများဖြင့် ယင်းပုဂ္ဂိုလ်၏ အခွန်စည်းကြပ်ရန်ဝင်ငွေကို မြှောက်ခြင်း၊

(၂) ဒုတိယအဆင့်အဖြစ် ပုဒ်မ ၄၅ အရ ယင်းအခွန်နှစ်အတွက် ယင်းပုဂ္ဂိုလ်အား ခွင့်ပြုထားသည့် မည်သည့်ပြည်ပအခွန်ခုနှိမ်မှုကိုမဆို နုတ်ခြင်းနှင့်

(၃) တတိယအဆင့်အဖြစ် ဤဥပဒေအရ ယင်းနှစ်အတွက် ယင်းပုဂ္ဂိုလ်အား ခွင့်ပြုထားသည့် မည်သည့်အခွန်ခုနှိမ်မှုကိုမဆို နုတ်ခြင်း။

(ဃ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပုဂ္ဂိုလ်တစ်ဦး ပေးဆောင်ရမည့် ဝင်ငွေခွန်ကို တွက်ချက်ရာ၌ အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှု တစ်ခုစီ၏ စုစုပေါင်းပမာဏ (gross amount) ကို ဇယား (၁) တွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာနှုန်းဖြင့် မြှောက်ရမည်။

(င) ပုဒ်မ ၉၉၊ ပုဒ်မခွဲ (ဂ) ကို ကျင့်သုံးသည့်အခါမှအပ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပုဂ္ဂိုလ်တစ်ဦးက ပေးဆောင်ရမည့် အခွန်ကို ပုဒ်မ ၉၅ အရ ပေးချေမှုမှ နုတ်ယူထားပြီးဖြစ်လျှင် ယင်းပုဂ္ဂိုလ်၏ အခွန်ပေးဆောင်ရန်တာဝန်သည် ကျေပွန်ပြီး ဖြစ်သည်။

**အခြေပစ္စည်းမှ မြတ်စွန်းခွန် ကျသင့်စေခြင်း**

၁၃။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါတို့ကို ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်လာသည့် အမြတ်အစွန်း ပေါ်တွင် အခြေပစ္စည်းမှ မြတ်စွန်းခွန် ပေးဆောင်ရမည်-

(၁) ယင်းပုဂ္ဂိုလ်သည် ပြည်တွင်းနေပုဂ္ဂိုလ်ဖြစ်နေသည့် အခွန်နှစ်တစ်နှစ်အတွင်း အခွန်ကျသင့်သော မည်သည့် ရရန်ပိုင်ခွင့်မဆို၊

(၂) ယင်းပုဂ္ဂိုလ်သည် ပြည်ပနေပုဂ္ဂိုလ် ဖြစ်နေသည့် အခွန်နှစ်တစ်နှစ်အတွင်း မြန်မာနိုင်ငံအတွင်း တည်ရှိသည့် အခွန်ကျသင့်သော မည်သည့်ရရန်ပိုင်ခွင့်မဆို။

(ခ) အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်းသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချသည့် အခွန်နှစ်အတွင်း ရရှိလာခြင်းဖြစ်ပြီး အမြတ်အစွန်း ငွေကြေးပမာဏသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခြင်းအတွက် အဖိုးစားနားက ထုခွဲရောင်းချသည့်အချိန်ရှိ ယင်းရရန်ပိုင်ခွင့်၏ စာရင်းအရလက်ကျန်တန်ဖိုးထက် ကျော်လွန်သော ငွေကြေးပမာဏ ဖြစ်သည်။

(ဂ) အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အရှုံးသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချသည့် အခွန်နှစ်အတွင်း ပေါ်ပေါက်ခြင်းဖြစ်ပြီး အရှုံးပမာဏသည် ထုခွဲရောင်းချသည့် အချိန်ရှိ ယင်းရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးက ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းခြင်းအတွက် အဖိုးစားနားထက် ကျော်လွန်သော ငွေကြေးပမာဏ ဖြစ်သည်။

(ဃ) ပုဒ်မခွဲ (က) အရ ပုဂ္ဂိုလ်တစ်ဦးက ပေးဆောင်ရမည့် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကို တွက်ချက်ရာ၌ ပုဒ်မခွဲ (ခ) အရ တွက်ချက်ထားသည့် အမြတ်အစွန်းငွေကြေးပမာဏကို ဇယား (၁) တွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာနှုန်းဖြင့် မြှောက်ရမည်။

(င) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မခွဲ (ဂ) အရ အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အခွန်နှစ်တစ်နှစ်အတွင်း အရှုံးပေါ်ပေါက်ခဲ့လျှင် ယင်းအရှုံးပမာဏကို ယင်းနှစ်အတွက် အခွန်ကျသင့်သော အခြားရရန်ပိုင်ခွင့် တစ်စုံတစ်ရာကို ထုခွဲရောင်းချခြင်းမှ ထိုပုဂ္ဂိုလ်ရရှိလာသည့် မည်သည့်အမြတ်အစွန်းမှမဆို ယင်းနှစ်အတွင်း နုတ်ပယ်နိုင်သည်။

(စ) အရှုံးကို ပုဒ်မခွဲ (င) အရ အပြည့်အဝ နုတ်ပယ်နိုင်ခြင်းမရှိလျှင် နုတ်ပယ်ထားခြင်းမရှိသည့် ငွေကြေးပမာဏကို ယင်းပုဂ္ဂိုလ်က တစ်ဆက်တည်းဖြစ်သည့် လာမည့်အခွန်နှစ်သို့ ဆက်လက် သယ်ဆောင်သွားနိုင်ပြီး ထိုပုဂ္ဂိုလ်က ယင်းနှစ်အတွက် အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ ရရှိသည့် မည်သည့် အမြတ်အစွန်းမှမဆို ယင်းနှစ်အတွင်း နုတ်ပယ်နိုင်ကာ ယင်းအရှုံးကို အပြည့်အဝ နုတ်ပယ်ပြီးသည်အထိ ထိုနည်းအတိုင်း ဆက်လက်ဆောင်ရွက် နိုင်သည်။ သို့ရာတွင် အရှုံးတစ်ရပ်ကို ယင်းအရှုံးပေါ်ပေါက်သည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် အခွန်နှစ်ငါးနှစ်ထက်ကျော်လွန်၍ ဆက်လက်သယ်ဆောင်နိုင်ခြင်း မရှိစေရ။

(ဆ) ဤပုဒ်မသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့် ပုဂ္ဂိုလ် တစ်ဦး၏ဝင်ငွေတွင် ပါဝင်သည့် မည်သည့်ငွေကြေးပမာဏများနှင့်မျှ သက်ဆိုင်ခြင်း မရှိစေရ။

(ဇ) ပုဒ်မခွဲ (က) ပါ ငွေကြေးပမာဏတစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေအဖြစ် သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အခြားဥပဒေတစ်ရပ် သို့မဟုတ် သဘောတူညီချက်တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေတွင် အလားတူခွင့်ပြုထားခြင်း မရှိပါက ဥပဒေအရ အကျိုးသက်ရောက်မှု မရှိစေရ။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်)

၁။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၀) ၏ သဘောတူညီချက်အရ ပြည်ထောင်စုလွှတ်တော်ရုံးဖွဲ့စည်းပုံကို အရာထမ်းရာထူး ၃၈၆ နေရာ၊ အမှုထမ်းရာထူး ၁၉၉၅ နေရာ၊ စုစုပေါင်းရာထူး ၂၃၈၁ နေရာဖြင့် ဖွဲ့စည်းထားရာမှ အရာထမ်းရာထူး ၇ နေရာ၊ အမှုထမ်းရာထူး ၁၀ နေရာပါဝင်သော e-Government ဌာနခွဲအား အသစ်တိုးချဲ့ပြီး အရာထမ်းရာထူး ၃၉၃ နေရာ၊ အမှုထမ်းရာထူး ၂၀၀၅ နေရာ၊ စုစုပေါင်း ရာထူး ၂၃၉၈ နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၂။ ထို့အပြင် အသစ်တိုးချဲ့ဖွဲ့စည်းသည့် e-Government ဌာနခွဲအား မူလဖွဲ့စည်းပုံပါ လုပ်ငန်းဆက်စပ်မှုရှိသည့် နိုင်ငံတကာဆက်ဆံရေးနှင့် သတင်းနည်းပညာဌာနအောက်ရှိ သတင်းအချက်အလက် နည်းပညာဌာနခွဲနှင့်ပေါင်းစပ်၍ e-Government ဌာနအဖြစ် ဖွဲ့စည်းပြီး နိုင်ငံတကာဆက်ဆံရေး၊ သုတေသနနှင့် နည်းပညာဌာနကြီး **အစား** နိုင်ငံတကာဆက်ဆံရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာဌာနကြီး အဖြစ်လည်းကောင်း၊ အဆိုပါဌာနကြီးအောက်ရှိ နိုင်ငံတကာဆက်ဆံရေးနှင့် သတင်းနည်းပညာဌာန **အစား** နိုင်ငံတကာဆက်ဆံရေးဌာန အဖြစ်လည်းကောင်း၊ သုတေသန၊ လေ့ကျင့်ရေးနှင့်စာကြည့်တိုက်ဌာန **အစား** သုတေသန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စာကြည့်တိုက်ဌာနအဖြစ်လည်းကောင်း၊ သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ **အစား** သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာနခွဲအဖြစ်လည်းကောင်း ဌာနအမည် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်)

**ကော်မတီအဖွဲ့ဝင်များ အစားထိုး လဲလှယ်ဖွဲ့စည်းခြင်း**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် အောက်ပါကော်မတီများမှ ယှဉ်တွဲပါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား အဖွဲ့ဝင်များအဖြစ် အစားထိုးလဲလှယ်ဖွဲ့စည်းလိုက်သည်-

(က) **လွှတ်တော်အခွင့်အရေးကော်မတီ**

| | | |
|---|---|---|
| (၁) ကြည်း ၁၈၈၀၁<br>ဗိုလ်ချုပ်တင်ဆွေဝင်း | **အစား** | ကြည်း ၁၈၈၃၄<br>ဗိုလ်ချုပ်အောင်မျိုးထွန်း |

(ခ) **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) ကြည်း ၁၇၉၈၉<br>ဗိုလ်မှူးကြီး ခင်မောင်ချို | **အစား** | ကြည်း ၂၁၆၆၂<br>ဗိုလ်မှူးကြီး သန်းလှိုင် |

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၁၅/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရနှင့် ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့် အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်တင်နွယ်အောင် တ/၂၉၂၉ | ကြို့ပင်ကောက် ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဦးဝေယံထွန်း တ/၃၀၁၃ | ကျောက်ပန်းတောင်း မန္တလေးတိုင်းဒေသကြီး |
| ၃။ | ဒေါ်မိုးမိုးအေး တ/၃၀၉၉ | ထီးချိုင့် စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | ဦးလှိုင်းဝေယံမြင့် တ/၃၂၆၉ | ဖားကန့် ကချင်ပြည်နယ် |
| ၅။ | ဦးဂွန်ဆန် တ/၃၄၀၁ | မိုးမောက် ကချင်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၁၉/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးလင်းထိန် တ/၃၁၂၃ | ပျဉ်းမနား မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်နှင်းသီရိလွင် တ/၃၁၈၃ | လမ်းမတော် ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးထွန်းလင်းအောင် တ/၃၂၂၃ | မာန်အောင် ရခိုင်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂၄/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်)

### နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **၈၈ မျိုးဆက်ညီနောင်ပါတီ** (THE 88 GENERATION BROTHERHOOD PARTY) ကို မှတ်ပုံတင်အမှတ် (၁၂၇)၊ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၇၄/၂၀၂၀) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **၈၈ မျိုးဆက်ညီနောင်ပါတီ** (THE 88 GENERATION BROTHERHOOD PARTY) သည် ဥပဒေသတ်မှတ်ချက်အတိုင်း ပါတီဝင်ဦးရေကို သတ်မှတ်သည့်ကာလအတွင်း စည်းရုံးမှုမပြုနိုင်သဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ (က) (၇) ပါ ပြဋ္ဌာန်းချက်များနှင့်ငြိစွန်းနေသောကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂၀/၂၀၂၀) တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **၈၈ မျိုးဆက်ညီနောင်ပါတီ** (THE 88 GENERATION BROTHERHOOD PARTY) ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂၅/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်)

### တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၆၉/၂၀၁၈) တွင်ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၃၇၄၂ | **အစား** | ကြည်း ၂၉၁၉၇ |
| ဗိုလ်မှူးကြီး နေလင်းထွန်း | | ဗိုလ်မှူးကြီး ကျော်လင်းအောင် |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂၆/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုး တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဒေါ်ချိုမာလာ ကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၂) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂၇/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုး တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးအေးဟန် ကို ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၂) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂၈/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆) တွင်

ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါ အတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| ကြည်း ၂၅၈၀၄ | **အစား** | ကြည်း ၃၀၅၆၃ |
| ဒုတိယဗိုလ်မှူးကြီး မျိုးခိုင် | | ဒုတိယဗိုလ်မှူးကြီး အေးရွှေ |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂၉/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)

### တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/၂၀၁၆) နှင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၅/၂၀၁၉) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး တို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၈၀၅၁ | **အစား** | ကြည်း ၂၉၈၆၆ |
| | ဗိုလ်မှူး ထက်လင်း | | ဗိုလ်မှူး တင်နိုင်ဦး |
| (၂) | ကြည်း ၃၈၀၆၆ | **အစား** | ကြည်း ၃၈၁၄၀ |
| | ဗိုလ်မှူး တင်အောင်ဟိန်း | | ဗိုလ်မှူး ဖြိုးစည်သူဝင်း |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၃၀/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦး ကို အမည်စာရင်းပြောင်းလဲ

လိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆)၊ ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၈/၂၀၁၆)၊ ၁၆-၅-၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၀/၂၀၁၇)၊ ၆-၁၁-၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၆၉/၂၀၁၈) နှင့် ၁၅-၁-၂၀၁၉ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆/၂၀၁၉)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည်-

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၈၈၀၉<br>ဗိုလ်မှူး သက်ဝင်း | **အစား** | ကြည်း ၄၁၉၆၁<br>ဗိုလ်မှူး လှထွဋ်နောင် |
| (၂) | ကြည်း ၄၈၇၆၆<br>ဗိုလ်ကြီး ရာဇာထက် | **အစား** | ကြည်း ၅၄၂၀၄<br>ဗိုလ်ကြီး ရန်ကျော် |

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၃၇၁၆၄<br>ဗိုလ်မှူး ပြည့်ဖြိုးဇော် | **အစား** | ကြည်း ၃၈၁၀၂<br>ဗိုလ်မှူး တင်နိုင်ဝင်း |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၅၁၈၄၉<br>ဗိုလ်ကြီး နေလွင်ထူး | **အစား** | ကြည်း ၅၁၈၄၇<br>ဗိုလ်ကြီး လှိုင်မြင့်ထွန်း |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၅) | ကြည်း ၂၇၇၆၈<br>ဗိုလ်မှူး အောင်သန်းဝင်း | **အစား** | ကြည်း ၃၇၇၀၃<br>ဗိုလ်မှူး မျိုးမင်းထွန်း |
| (၆) | ကြည်း ၃၉၀၂၈<br>ဗိုလ်မှူး ငြိမ်းချမ်းအောင် | **အစား** | ကြည်း ၄၂၅၂၄<br>ဗိုလ်မှူး ကျော်စွာဝင်း |
| (၇) | ကြည်း ၃၉၀၆၇<br>ဗိုလ်မှူး ဟိန်းဇော် | **အစား** | ကြည်း ၄၅၅၈၄<br>ဗိုလ်မှူး ကြည်ဖေလင်း |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၈) | ကြည်း ၁၉၀၃၅<br>ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကို | **အစား** | ကြည်း ၃၂၀၇၇<br>ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ထွန်း |
| (၉) | ကြည်း ၃၀၅၈၉<br>ဗိုလ်မှူး စိုးသူထွန်း | **အစား** | ကြည်း ၂၉၇၇၇<br>ဗိုလ်မှူး စိုးသူ |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁၀) | ကြည်း ၃၃၅၃၅<br>ဗိုလ်မှူး နိုင်ထူးအေး | **အစား** | ကြည်း ၃၈၅၀၅<br>ဗိုလ်မှူး မွန်မြတ်သူစိုး |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**[ ယခင်အပတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကြေညာချက်အမှတ် (၁၁၃/၂၀၂၀) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များမှ အဆက် ]**

## ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ (ရှမ်းပြည်နယ်)

| စဉ် | မဲဆန္ဒနယ်အမှတ် | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများစာရင်း |
|---|---|---|
| ၁ | ကျောက်မဲမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ အမှတ် (၁) ရပ်ကွက် (ကျောက်မဲမြို့)၊ ၂။ အမှတ် (၂) ရပ်ကွက် (ကျောက်မဲမြို့)၊ ၃။ အမှတ် (၃) ရပ်ကွက် (ကျောက်မဲမြို့)၊ ၄။ အမှတ် (၄) ရပ်ကွက် (ကျောက်မဲမြို့)၊ ၅။ အမှတ် (၅) ရပ်ကွက် (ကျောက်မဲမြို့)၊ ၆။ အမှတ် (၆) ရပ်ကွက် (ကျောက်မဲမြို့)၊ ၇။ အမှတ် (၇) ရပ်ကွက် (ကျောက်မဲမြို့)၊ ၈။ အမှတ် (၈) ရပ်ကွက် (ကျောက်မဲမြို့)၊ ၉။ အမှတ် (၉) ရပ်ကွက် (ကျောက်မဲမြို့)၊ ၁၀။ ခိုမုန်းကျေးရွာအုပ်စု၊ ၁၁။ မန်ကျောင်း (ကျွဲကုန်း)ကျေးရွာအုပ်စု၊ ၁၂။ နမ့်ဟူးတောင်းကျေးရွာအုပ်စု၊ ၁၃။ ပိန္နဲကုန်းကျေးရွာအုပ်စု၊ ၁၄။ နောင်ပိန်ကျေးရွာအုပ်စု၊ ၁၅။ မော်မာကျေးရွာအုပ်စု၊ ၁၆။ လွယ်စောင့်ကျေးရွာအုပ်စု၊ ၁၇။ ပုံဝိုးကျေးရွာအုပ်စု၊ ၁၈။ ကွမ်ဟင်ကျေးရွာအုပ်စု၊ ၁၉။ တောင်ထိပ်ကျေးရွာအုပ်စု၊ ၂၀။ ခန့်ခဲပေါ့အင်းကျေးရွာအုပ်စု၊ ၂၁။ ဟဲကွီကျေးရွာအုပ်စု၊ ၂၂။ ခေးနင်းကျေးရွာအုပ်စု၊ ၂၃။ နားအိုက်ခန့်ကျေးရွာအုပ်စု၊ ၂၄။ ပန်စံကျေးရွာအုပ်စု၊ ၂၅။ နောင်ကွမ်ကျေးရွာအုပ်စု၊ ၂၆။ နောင်ရှင်ကျေးရွာအုပ်စု၊ ၂၇။ နားအော်ကျေးရွာအုပ်စု၊ ၂၈။ ပန်လော့ကျေးရွာအုပ်စု၊ ၂၉။ နားပြိန်းကျေးရွာအုပ်စု၊ ၃၀။ နားခေါ်ကျေးရွာအုပ်စု၊ ၃၁။ ချောင်းချောက်ကျေးရွာအုပ်စု။ |
| ၂ | ကျောက်မဲမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ပန်ဖတ်ဖာရပ်ကွက် (မိုင်းငေ့ါမြို့)၊ ၂။ မိုင်းငေ့ါဈေးရပ်ကွက် (မိုင်းငေ့ါမြို့)၊ ၃။ မန်လုံရပ်ကွက် (မိုင်းငေ့ါမြို့)၊ ၄။ မန်ကောင်းရပ်ကွက် (မိုင်းငေ့ါမြို့)၊ ၅။ တာလုံရပ်ကွက် (မိုင်းငေ့ါမြို့)၊ ၆။ ခန္တီရပ်ကွက် (မိုင်းလုံမြို့)၊ ၇။ ဈေးရပ်ကွက် (မိုင်းလုံမြို့)၊ ၈။ နမ့်ပိန်ရပ်ကွက် (မိုင်းလုံမြို့)၊ ၉။ အထက်ပိုင်းရပ်ကွက် (မိုင်းလုံမြို့)၊ ၁၀။ အလယ်ပိုင်းရပ်ကွက် (မိုင်းလုံမြို့)၊ ၁၁။ အောက်ပိုင်းရပ်ကွက် (မိုင်းလုံမြို့)၊ ၁၂။ ပင်ပေါကျေးရွာအုပ်စု၊ ၁၃။ ပင်တိန်ကျေးရွာအုပ်စု၊ ၁၄။ တောင်ဆေးလိပ်ကျေးရွာအုပ်စု၊ ၁၅။ လွယ်အံကျေးရွာအုပ်စု၊ ၁၆။ မိုင်းတင်းကျေးရွာအုပ်စု၊ ၁၇။ မန်ကျောင်း (ကျောက်မဲကြီး)ကျေးရွာအုပ်စု၊ ၁၈။ ကြူရှောကျေးရွာအုပ်စု၊ ၁၉။ ကွန်ကော်ကျေးရွာအုပ်စု၊ ၂၀။ နောင်ပြစ်ကျေးရွာအုပ်စု၊ ၂၁။ ဟူးဆွန်ကျေးရွာအုပ်စု၊ ၂၂။ ဟူးကွက်ကျေးရွာအုပ်စု၊ ၂၃။ ပန်လင်ကျေးရွာအုပ်စု၊ ၂၄။ လွယ်ကုန်ကျေးရွာအုပ်စု၊ ၂၅။ ပန်ကွမ်ကျေးရွာအုပ်စု၊ ၂၆။ ပန်ဝံကျေးရွာအုပ်စု၊ ၂၇။ ပြိန်းစင့်ကျေးရွာအုပ်စု၊ ၂၈။ ကော်ပေါင်ကျေးရွာအုပ်စု၊ ၂၉။ ပန်ဝိုးကျေးရွာအုပ်စု၊ ၃၀။ မန်စင်(ခ) ပဇီကျေးရွာအုပ်စု၊ ၃၁။ ကန့်ကန်ကျေးရွာအုပ်စု၊ ၃၂။ စန့်ဟိန်းကျေးရွာအုပ်စု၊ ၃၃။ တော့ဆန်ကျေးရွာအုပ်စု၊ ၃၄။ ပန်ဟူကျေးရွာအုပ်စု၊ ၃၅။ ညောင်မောင်းကျေးရွာအုပ်စု၊ ၃၆။ နမ့်ဖန်းကျေးရွာအုပ်စု၊ ၃၇။ မင်းကုန်းကျေးရွာအုပ်စု၊ ၃၈။ ပါလှိုင်ကျေးရွာအုပ်စု၊ ၃၉။ နမ့်ခွန်ကျေးရွာအုပ်စု၊ ၄၀။ လွယ်ခမ်းကျေးရွာအုပ်စု၊ ၄၁။ လွယ်အံကျေးရွာအုပ်စု၊ ၄၂။ လွယ်ဆာကျေးရွာအုပ်စု၊ ၄၃။ မန်မော်ကျေးရွာအုပ်စု၊ ၄၄။ မြို့ဟောင်းကျေးရွာအုပ်စု၊ ၄၅။ တောင်နီကျေးရွာအုပ်စု၊ ၄၆။ ကွန်ကောက်ကျေးရွာအုပ်စု၊ ၄၇။ ချုံးကျေးရွာအုပ်စု၊ ၄၈။ မန်ခေါက်ကျေးရွာအုပ်စု၊ ၄၉။ ဟဲခမ်းကျေးရွာအုပ်စု၊ ၅၀။ လွယ်ကြူကျေးရွာအုပ်စု၊ ၅၁။ ပုံးလုံကျေးရွာအုပ်စု၊ ၅၂။ ကွမ်းစလန်းကျေးရွာအုပ်စု၊ ၅၃။ ခွန်ခါကျေးရွာအုပ်စု၊ ၅၄။ ပန်ကွဲကျေးရွာအုပ်စု၊ ၅၅။ ကျောက်လုံးကြီးကျေးရွာအုပ်စု၊ ၅၆။ တံခွန်တိုင်ကျေးရွာအုပ်စု၊ ၅၇။ ကျောက်မဲကြီးကျေးရွာအုပ်စု၊ ၅၈။ မုန်းပြင်ကျေးရွာအုပ်စု၊ ၅၉။ စခန်းသာကျေးရွာအုပ်စု။ |

| စဉ် | မဲဆန္ဒနယ်အမှတ် | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများစာရင်း |
|---|---|---|
| ၃ | သီပေါမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ဇာတ်စုရပ်ကွက် (သီပေါမြို့)၊ ၂။ မြို့လယ်ရပ်ကွက် (သီပေါမြို့)၊ ၃။ မီးရထား ရပ်ကွက် (သီပေါမြို့)၊ ၄။ အနောက်ရပ်ကွက် (သီပေါမြို့)၊ ၅။ အုတ်ကျင်း ရပ်ကွက် (သီပေါမြို့)၊ ၆။ တောင်မြို့ရပ်ကွက် (သီပေါမြို့)၊ ၇။ မြန်မာရပ်ကွက် (သီပေါမြို့)၊ ၈။ တိန်းစံကျေးရွာအုပ်စု၊ ၉။ မန်ဟဲကျေးရွာအုပ်စု၊ ၁၀။ စံဖိတ် ကျေးရွာအုပ်စု၊ ၁၁။ ရွာသစ်ကျေးရွာအုပ်စု၊ ၁၂။ တုံစင့်ကျေးရွာအုပ်စု၊ ၁၃။ ကျင်သီ ကျေးရွာအုပ်စု၊ ၁၄။ ဘော်ကြိုကျေးရွာအုပ်စု၊ ၁၅။ လောင်ခွန်ကျေးရွာအုပ်စု၊ ၁၆။ နမ့်အွန်ကျေးရွာအုပ်စု၊ ၁၇။ အုံမုကျေးရွာအုပ်စု၊ ၁၈။ မန်ပြစ်ကျေးရွာ အုပ်စု၊ ၁၉။ ပန်ခံကျေးရွာအုပ်စု၊ ၂၀။ မိုးတေကျေးရွာအုပ်စု၊ ၂၁။ ကွန်ဟောက် ကျေးရွာအုပ်စု၊ ၂၂။ မန်ဆန်းကျေးရွာအုပ်စု၊ ၂၃။ ဆွန်လုံကျေးရွာအုပ်စု၊ ၂၄။ ကုန်းသာ ကျေးရွာအုပ်စု၊ ၂၅။ ကွန်ခိုက်ကျေးရွာအုပ်စု၊ ၂၆။ မိုင်းလင်းကျေးရွာအုပ်စု၊ ၂၇။ တွန်ကြိုင်းကျေးရွာအုပ်စု၊ ၂၈။ ဆိုင်းလိုင်ကျေးရွာအုပ်စု၊ ၂၉။ နမ္မကျေးရွာ အုပ်စု၊ ၃၀။ ဟူးမြီကျေးရွာအုပ်စု၊ ၃၁။ မခေါ်ကျေးရွာအုပ်စု၊ ၃၂။ ပန်မိတ် ကျေးရွာအုပ်စု၊ ၃၃။ နောင်တုံကျေးရွာအုပ်စု၊ ၃၄။ ဟိုအွန်ကျေးရွာအုပ်စု၊ ၃၅။ ဆောင်ကြဲကျေးရွာအုပ်စု၊ ၃၆။ ဆင်ကျော့ကျေးရွာအုပ်စု၊ ၃၇။ နားတောင့် ကျေးရွာအုပ်စု၊ ၃၈။ ပန်ဆန်းကျေးရွာအုပ်စု၊ ၃၉။ ပန်စောက်မိန်းကျေးရွာအုပ်စု၊ ၄၀။ နောင်အန်ကျေးရွာအုပ်စု။ |
| ၄ | သီပေါမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ရွှေကျောင်းရပ်ကွက် (သီပေါမြို့)၊ ၂။ ပန်းတိမ်တောင်ရပ်ကွက် (သီပေါမြို့)၊ ၃။ ပန်းတိမ်မြောက်ရပ်ကွက် (သီပေါမြို့)၊ ၄။ ဈေးရပ်ကွက် (သီပေါမြို့)၊ ၅။ ကုန်းဆော့ကျေးရွာအုပ်စု၊ ၆။ နမ့်ရမ်းကျေးရွာအုပ်စု၊ ၇။ နမ့်လန်ကျေးရွာ အုပ်စု၊ ၈။ ကုန်းဆာကျေးရွာအုပ်စု၊ ၉။ မန်ခိုင်းဆီထောက်ကျေးရွာအုပ်စု၊ ၁၀။ ကုန်းစုံ ကျေးရွာအုပ်စု၊ ၁၁။ မန်လီကျေးရွာအုပ်စု၊ ၁၂။ စယ်ခန်ကျေးရွာအုပ်စု၊ ၁၃။ မိုင်းခေး ကျေးရွာအုပ်စု၊ ၁၄။ မန့်မွန်း (ခေး)ကျေးရွာအုပ်စု၊ ၁၅။ နားလေကျေးရွာအုပ်စု၊ ၁၆။ ဟိုခိုကျေးရွာအုပ်စု၊ ၁၇။ မန်ပန်းကျေးရွာအုပ်စု၊ ၁၈။ ပြိန်းညောင်ကျေးရွာ အုပ်စု၊ ၁၉။ မိုင်းတုံကျေးရွာအုပ်စု၊ ၂၀။ ကွန်ခါးကျေးရွာအုပ်စု၊ ၂၁။ ဆွတ်တုံ ကျေးရွာအုပ်စု၊ ၂၂။ ကောင်းကျော်ကျေးရွာအုပ်စု၊ ၂၃။ ပန်ဟုန်းကျေးရွာအုပ်စု၊ ၂၄။ မန်ပတ်ကျေးရွာအုပ်စု၊ ၂၅။ မန်ကျောင်းကျေးရွာအုပ်စု၊ ၂၆။ မန်မော်ကျေးရွာ အုပ်စု၊ ၂၇။ မိုင်းလာကျေးရွာအုပ်စု၊ ၂၈။ ကောင်းခံကျေးရွာအုပ်စု၊ ၂၉။ လုံတောင်း ကျေးရွာအုပ်စု၊ ၃၀။ နားဖွယ်ကျေးရွာအုပ်စု၊ ၃၁။ နားမခေါ်ကျေးရွာအုပ်စု၊ ၃၂။ မန့်မွန်းမန်ကျောင်းကျေးရွာအုပ်စု၊ ၃၃။ ဟိုခဲကျေးရွာအုပ်စု၊ ၃၄။ နမ့်မော်ဆွေ ကျေးရွာအုပ်စု၊ ၃၅။ ကုံးယုံးကျေးရွာအုပ်စု၊ ၃၆။ မန်ကျောင်းကျေးရွာအုပ်စု၊ ၃၇။ နားလေ (လီ) ကျေးရွာအုပ်စု၊ ၃၈။ ကောင်းခံကျေးရွာအုပ်စု။ |
| ၅ | နောင်ချိုမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ဈေးရပ်ကွက် (နောင်ချိုမြို့)၊ ၂။ ဘူတာရပ်ကွက် (နောင်ချိုမြို့)၊ ၃။ တောင်ရပ်ကွက် (နောင်ချိုမြို့)၊ ၄။ ပါဟက်ရပ်ကွက် (နောင်ချိုမြို့)၊ ၅။ သပြေရေရပ်ကွက် (နောင်ချိုမြို့)၊ ၆။ နားရှိုးရပ်ကွက် (နောင်ချိုမြို့)၊ ၇။ ကုန်းစံကျေးရွာအုပ်စု၊ ၈။ ညဏ်တောကျေးရွာအုပ်စု၊ ၉။ ရွှေမုဋ္ဌော ကျေးရွာအုပ်စု၊ ၁၀။ မဲပုတ်ကျေးရွာအုပ်စု၊ ၁၁။ တောင်ရှည်ကျေးရွာအုပ်စု၊ ၁၂။ ရေတွင်းကြီးကျေးရွာအုပ်စု၊ ၁၃။ ငုက္ခလေးကျေးရွာအုပ်စု၊ ၁၄။ မျက်ချိုးနု ကျေးရွာအုပ်စု၊ ၁၅။ လုံဝယ်ကျေးရွာအုပ်စု၊ ၁၆။ ကန်ကြီးကျေးရွာအုပ်စု၊ ၁၇။ နောင်တောကျေးရွာအုပ်စု၊ ၁၈။ အင်းဖိုကျေးရွာအုပ်စု၊ ၁၉။ ကုန်းကြီးရွာမ ကျေးရွာအုပ်စု၊ ၂၀။ ညောင်တောက်ကျေးရွာအုပ်စု။ |

| စဉ် | မဲဆန္ဒနယ်အမှတ် | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများစာရင်း |
|---|---|---|
| ၆ | နောင်ချိုမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ကုန်းသာကျေးရွာအုပ်စု၊ ၂။ ဘန့်ဘွေးကျေးရွာအုပ်စု၊ ၃။ လုံရုံးကျေးရွာအုပ်စု၊ ၄။ အုမ္မခါးကျေးရွာအုပ်စု၊ ၅။ ပင်တီးကျေးရွာအုပ်စု၊ ၆။ ဆိပ်ဖူးကျေးရွာအုပ်စု၊ ၇။ အထက်ကြူအင်းကျေးရွာအုပ်စု၊ ၈။ ဟိုခို(မြောက်)ကျေးရွာအုပ်စု၊ ၉။ ကုလားကွဲကျေးရွာအုပ်စု၊ ၁၀။ ဒိုးပင်ကျေးရွာအုပ်စု၊ ၁၁။ ကျောက်ကြီးကျေးရွာအုပ်စု၊ ၁၂။ ဘန့်ဘွေးကျင်းကျေးရွာအုပ်စု၊ ၁၃။ ကုန်းကြီးကျေးရွာအုပ်စု၊ ၁၄။ သံဘိုကျေးရွာအုပ်စု၊ ၁၅။ ဆီဆုံကျေးရွာအုပ်စု၊ ၁၆။ သုံးဆယ်ကျေးရွာအုပ်စု၊ ၁၇။ ဆမ္မဆယ်ကျေးရွာအုပ်စု၊ ၁၈။ သရက်ကုန်းကျေးရွာအုပ်စု၊ ၁၉။ ခိုအုံကျေးရွာအုပ်စု၊ ၂၀။ အနောက်ကြူအင်းကျေးရွာအုပ်စု၊ ၂၁။ ကြိမ်ဂနိုင်ကျေးရွာအုပ်စု။ |
| ၇ | နမ္မတူမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ နမ္မတူရပ်ကွက် (နမ္မတူမြို့)၊ ၂။ ပန်ဟိုက်ရပ်ကွက် (နမ္မတူမြို့)၊ ၃။ ဆိုက်ခေါင်ကျေးရွာအုပ်စု၊ ၄။ ကြူဆော့ကျေးရွာအုပ်စု၊ ၅။ မိုင်းတတ်ကျေးရွာအုပ်စု၊ ၆။ ဟူးဆာကျေးရွာအုပ်စု၊ ၇။ ဟင်ပုတ်ကျေးရွာအုပ်စု၊ ၈။ ဘော်တွင်းကျေးရွာအုပ်စု။ |
| ၈ | နမ္မတူမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ နမ့်တောင်ကုန်းကျေးရွာအုပ်စု၊ ၂။ မန်စံကျေးရွာအုပ်စု၊ ၃။ ပန်ဆော့ကျေးရွာအုပ်စု၊ ၄။ ပန်ချင်ကျေးရွာအုပ်စု၊ ၅။ နားဆိုင်းကျေးရွာအုပ်စု၊ ၆။ လွယ်ပြေးကျေးရွာအုပ်စု၊ ၇။ လွယ်ငင်းနမ့်မျှော်ကျေးရွာအုပ်စု၊ ၈။ မိုင်းမုကျေးရွာအုပ်စု၊ ၉။ ပန်လုံကျေးရွာအုပ်စု၊ ၁၀။ ချောင်းဆာကျေးရွာအုပ်စု၊ ၁၁။ မိုင်းရင်ကျေးရွာအုပ်စု၊ ၁၂။ ဝိန်းနန်ကျေးရွာအုပ်စု၊ ၁၃။ မန်ဆာလုံကျေးရွာအုပ်စု၊ ၁၄။ ဖာဆွမ်ကျေးရွာအုပ်စု၊ ၁၅။ ခိုမိုကျေးရွာအုပ်စု။ |
| ၉ | နမ့်ဆန်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ မြို့လယ်ရပ်ကွက် (နမ့်ဆန်မြို့)၊ ၂။ မင်္ဂလာရပ်ကွက် (နမ့်ဆန်မြို့)၊ ၃။ နမ္မဝေါရပ်ကွက် (နမ့်ဆန်မြို့)၊ ၄။ မိုးဂဲရပ်ကွက် (နမ့်ဆန်မြို့)၊ ၅။ မန်မိုင်ရပ်ကွက် (နမ့်ဆန်မြို့)၊ ၆။ မန်ခိုက်ရပ်ကွက် (နမ့်ဆန်မြို့)၊ ၇။ ကျောက်ဖြူကျေးရွာအုပ်စု၊ ၈။ ဘုရားကြီးကျေးရွာအုပ်စု၊ ၉။ ငွန်ဆိုင်းကျေးရွာအုပ်စု၊ ၁၀။ မန်နောက်ကျေးရွာအုပ်စု၊ ၁၁။ အုမ်းမစွမ်ကျေးရွာအုပ်စု၊ ၁၂။ ပန်နင်းကျေးရွာအုပ်စု၊ ၁၃။ ကွမ်ဟယ်ကျေးရွာအုပ်စု၊ ၁၄။ လုံတောက်ကျေးရွာအုပ်စု၊ ၁၅။ တောင်မကျေးရွာအုပ်စု၊ ၁၆။ မန်ကန်ကျေးရွာအုပ်စု၊ ၁၇။ လီလုကျေးရွာအုပ်စု၊ ၁၈။ နမ့်လင်းကျေးရွာအုပ်စု၊ ၁၉။ ခေးခင်ကျေးရွာအုပ်စု၊ ၂၀။ ကျောက်ဖြူလေးကျေးရွာအုပ်စု။ |
| ၁၀ | နမ့်ဆန်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ဇယန်းကျေးရွာအုပ်စု၊ ၂။ ကယားကျေးရွာအုပ်စု၊ ၃။ ကယားလမ်းကျေးရွာအုပ်စု၊ ၄။ တောင်ကျော်ကျေးရွာအုပ်စု၊ ၅။ အာရမ်းကျေးရွာအုပ်စု၊ ၆။ မန်လွယ်ကျေးရွာအုပ်စု၊ ၇။ အနောက်ကင်းကျေးရွာအုပ်စု၊ ၈။ ဟူးခင်ကျေးရွာအုပ်စု၊ ၉။ မန်လုံကျေးရွာအုပ်စု၊ ၁၀။ ဟူးမန်းကျေးရွာအုပ်စု၊ ၁၁။ မြို့သစ်ကျေးရွာအုပ်စု၊ ၁၂။ နမ့်တွေကျေးရွာအုပ်စု၊ ၁၃။ ကောင်းကလောကျေးရွာအုပ်စု။ |
| ၁၁ | မန်တုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ မြို့မရပ်ကွက် (မန်တုံမြို့)၊ ၂။ အမှတ် (၁) ရပ်ကွက် (မန်တုံမြို့)၊ ၃။ အမှတ် (၂) ရပ်ကွက် (မန်တုံမြို့)၊ ၄။ မန်တုံ (ကချင်) ကျေးရွာအုပ်စု၊ ၅။ မန်တုံ (ပလောင်) ကျေးရွာအုပ်စု၊ ၆။ မန်ပတ်ကျေးရွာအုပ်စု၊ ၇။ မန်ပွန်း (ပလောင်) ကျေးရွာအုပ်စု၊ ၈။ မန်ပွန်း (ကချင်) ကျေးရွာအုပ်စု၊ ၉။ မော်လုံကျေးရွာအုပ်စု၊ ၁၀။ မန်ကျော့ကျေးရွာအုပ်စု၊ ၁၁။ မန်မောက်ကျေးရွာအုပ်စု၊ ၁၂။ ပန်ကုံးကျေးရွာအုပ်စု၊ ၁၃။ မန်နားကျေးရွာအုပ်စု၊ ၁၄။ ဟူးလိန်ကျေးရွာအုပ်စု၊ ၁၅။ မန်ကော်ကျေးရွာအုပ်စု၊ ၁၆။ မုံးခကျေးရွာအုပ်စု။ |
| ၁၂ | မန်တုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ နမ့်ဟိုင်းကျေးရွာအုပ်စု၊ ၂။ နောင်ဆန်းကျေးရွာအုပ်စု၊ ၃။ မိုင်းဟုတ်ကျေးရွာအုပ်စု၊ ၄။ ကုန်းညောင်ကျေးရွာအုပ်စု၊ ၅။ လွယ်ကြူကျေးရွာအုပ်စု၊ ၆။ ပန်နန်းကျေးရွာအုပ်စု၊ ၇။ တွန်ဆေကျေးရွာအုပ်စု၊ ၈။ ပန်ဆန် (ခေါ်) နမ့်ဟုဆိုင်ခေါင်ကျေးရွာအုပ်စု၊ ၉။ နမ့်နတ်ကျေးရွာအုပ်စု၊ ၁၀။ ဟောင်းကန်ကျေးရွာအုပ်စု၊ ၁၁။ ဆိုက်ခေါင်ကျေးရွာအုပ်စု၊ ၁၂။ ကောင်းဆုံကျေးရွာအုပ်စု၊ ၁၃။ စေကော်ကျေးရွာအုပ်စု၊ ၁၄။ ဆိုင်းလိန်(ပ)ကျေးရွာအုပ်စု၊ ၁၅။ နားအော်ကျေးရွာအုပ်စု။ |

| စဉ် | မဲဆန္ဒနယ်အမှတ် | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများစာရင်း |
|---|---|---|
| ၁၃ | ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ အမှတ် (၂) ရပ်ကွက် (ကျိုင်းတုံမြို့)၊ ၂။ အမှတ် (၃) ရပ်ကွက် (ကျိုင်းတုံမြို့)၊ ၃။ အမှတ် (၄) ရပ်ကွက် (ကျိုင်းတုံမြို့)၊ ၄။ ယန်းခကျေးရွာအုပ်စု၊ ၅။ မိုင်းဇင်းကျေးရွာအုပ်စု၊ ၆။ လွိုင်မွေကျေးရွာအုပ်စု၊ ၇။ နမ့်နီ/နမ့်လုံကျေးရွာအုပ်စု၊ ၈။ မိုင်းကိုင်ကျေးရွာအုပ်စု၊ ၉။ မိုင်းငွန်းကျေးရွာအုပ်စု၊ ၁၀။ မိုင်းနေ့/ဖာတကျေးရွာအုပ်စု၊ ၁၁။ တာလေကျေးရွာအုပ်စု၊ ၁၂။ နောင်ကုန်ကျေးရွာအုပ်စု၊ ၁၃။ မိုင်းလပ်ကျေးရွာအုပ်စု၊ ၁၄။ မိုင်းလန်းကျေးရွာအုပ်စု၊ ၁၅။ ကတ်ဖကျေးရွာအုပ်စု၊ ၁၆။ ယန်းကျိန်ကျေးရွာအုပ်စု၊ ၁၇။ ကတ်တောင်ကျေးရွာအုပ်စု။ |
| ၁၄ | ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ အမှတ် (၁) ရပ်ကွက် (ကျိုင်းတုံမြို့)၊ ၂။ အမှတ် (၅) ရပ်ကွက် (ကျိုင်းတုံမြို့)၊ ၃။ မိုင်းပတ် (အထက်) ကျေးရွာအုပ်စု၊ ၄။ မိုင်းပတ် (အောက်) ကျေးရွာအုပ်စု၊ ၅။ နမ့်အင်းကျေးရွာအုပ်စု၊ ၆။ မိုင်းအင်းကျေးရွာအုပ်စု၊ ၇။ နမ့်ခတ်ကျေးရွာအုပ်စု၊ ၈။ နားပေါ်ကျေးရွာအုပ်စု၊ ၉။ နောင်တောင်းကျေးရွာအုပ်စု၊ ၁၀။ မိုင်းပန် (လယ်) ကျေးရွာအုပ်စု၊ ၁၁။ ပန်မတ်ကျေးရွာအုပ်စု၊ ၁၂။ ပန်ကြူကျေးရွာအုပ်စု၊ ၁၃။ မိုင်းဒခွန်ကျေးရွာအုပ်စု၊ ၁၄။ လွယ်လုံကျေးရွာအုပ်စု၊ ၁၅။ ကတ်ထိုက်ကျေးရွာအုပ်စု၊ ၁၆။ ပင်းတောက်ကျေးရွာအုပ်စု၊ ၁၇။ ယန်းလောကျေးရွာအုပ်စု၊ ၁၈။ ဝပ်ဆောင်းကျေးရွာအုပ်စု၊ ၁၉။ ဟွေကွယ်ကျေးရွာအုပ်စု။ |
| ၁၅ | မိုင်းခတ်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ အမှတ် (၁) ရပ်ကွက် (မိုင်းခတ်မြို့)၊ ၂။ အမှတ် (၂) ရပ်ကွက် (မိုင်းခတ်မြို့)၊ ၃။ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ၄။ မိုင်းဟန်ကျေးရွာအုပ်စု၊ ၅။ ဖာလန်/ကော်ကျေးရွာအုပ်စု၊ ၆။ မိုင်းကာကျေးရွာအုပ်စု၊ ၇။ ဝမ်နောင်လုံကျေးရွာအုပ်စု။ |
| ၁၆ | မိုင်းခတ်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ တုံဖကော်ကျေးရွာအုပ်စု၊ ၂။ ပါပွန်းကျေးရွာအုပ်စု၊ ၃။ ဟုတ်ပုံကျေးရွာအုပ်စု၊ ၄။ ဝမ်ပင်းကျေးရွာအုပ်စု၊ ၅။ မိုင်းညင်းကျေးရွာအုပ်စု၊ ၆။ နောင်လုံးကျေးရွာအုပ်စု၊ ၇။ ဝမ်အွန်ကျေးရွာအုပ်စု၊ ၈။ နမ့်ဆော်ကျေးရွာအုပ်စု၊ ၉။ ပါခါးလုံကျေးရွာအုပ်စု၊ ၁၀။ နမ့်ယန်းလုံကျေးရွာအုပ်စု၊ ၁၁။ မိုင်းနှုံးကျေးရွာအုပ်စု။ |
| ၁၇ | မိုင်းယန်းမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ဝိန်းလိတ်ရပ်ကွက် (မိုင်းယန်းမြို့)၊ ၂။ ကျိန်းဟင်ရပ်ကွက် (မိုင်းယန်းမြို့)၊ ၃။ ပါနွမ်းရပ်ကွက် (မိုင်းယန်းမြို့)၊ ၄။ မောက်မိုင်ရပ်ကွက် (မိုင်းယန်းမြို့)၊ ၅။ ဟော်ဟိုက်ရပ်ကွက် (မိုင်းယန်းမြို့)၊ ၆။ မွန်ကဲရပ်ကွက် (မိုင်းယန်းမြို့)၊ ၇။ ဟိုကပ်ရပ်ကွက် (မိုင်းယန်းမြို့)၊ ၈။ ပါမိုင်ရပ်ကွက် (မိုင်းယန်းမြို့)၊ ၉။ ဈေးတန်းရပ်ကွက် (မိုင်းယန်းမြို့)၊ ၁၀။ မိုင်းပိန်းရပ်ကွက် (မိုင်းယန်းမြို့)၊ ၁၁။ ဟော်ကဲရပ်ကွက် (မိုင်းယန်းမြို့)။ |
| ၁၈ | မိုင်းယန်းမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ အမှတ် (၁) ရပ်ကွက် (မိုင်းပေါက်မြို့)၊ ၂။ အမှတ် (၂) ရပ်ကွက် (မိုင်းပေါက်မြို့)၊ ၃။ မိုင်းလွေကျေးရွာအုပ်စု၊ ၄။ ယန်းကောင်ကျေးရွာအုပ်စု၊ ၅။ ယန်းငင်းကျေးရွာအုပ်စု၊ ၆။ မွတ်ကင်းကျေးရွာအုပ်စု၊ ၇။ အန်းခေတ်ကျေးရွာအုပ်စု၊ ၈။ နမ့်မောင်းကျေးရွာအုပ်စု၊ ၉။ ပါဆံကျကျေးရွာအုပ်စု၊ ၁၀။ မိုင်းပေါက် (ကချင်) ကျေးရွာအုပ်စု၊ ၁၁။ ဟိုတောင်းကျေးရွာအုပ်စု၊ ၁၂။ ပေါက်နွေးကျေးရွာအုပ်စု၊ ၁၃။ မွန်ခမ်းဟိန်းကျေးရွာအုပ်စု၊ ၁၄။ မိုင်းဖျန်ကျေးရွာအုပ်စု၊ ၁၅။ မိုင်းတွေးကျေးရွာအုပ်စု၊ ၁၆။ မိုင်းယန်းကျေးရွာအုပ်စု၊ ၁၇။ နမ့်ဆီပန်းကျေးရွာအုပ်စု။ |
| ၁၉ | မိုင်းလားမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ဝမ်ပုန်းကျေးရွာအုပ်စု၊ ၂။ ဝမ်မိုင်းလုံကျေးရွာအုပ်စု၊ ၃။ ထပန်းလုံကျေးရွာအုပ်စု၊ ၄။ မိုင်းဝကျေးရွာအုပ်စု၊ ၅။ စွပ်ပလွေကျေးရွာအုပ်စု၊ ၆။ တာပင်းကျေးရွာအုပ်စု။ |
| ၂၀ | မိုင်းလားမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ အမှတ် (၁) ရပ်ကွက် (မိုင်းလားမြို့)၊ ၂။ အမှတ် (၂) ရပ်ကွက် (မိုင်းလားမြို့)၊ ၃။ ဝမ်ဖာခါးကျေးရွာအုပ်စု၊ ၄။ မိုင်းမကျေးရွာအုပ်စု၊ ၅။ တာပုံကျေးရွာအုပ်စု။ |

| စဉ် | မဲဆန္ဒနယ်အမှတ် | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများစာရင်း |
|---|---|---|
| ၂၁ | မိုင်းပျဉ်းမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ပိန်းဆန်းရပ်ကွက် (မိုင်းပျဉ်းမြို့)၊ ၂။ အလယ်ပိုင်းရပ်ကွက် (မိုင်းပျဉ်းမြို့)၊ ၃။ အောက်ဈေးတန်းရပ်ကွက် (မိုင်းပျဉ်းမြို့)၊ ၄။ လွယ်လုံကျေးရွာအုပ်စု၊ ၅။ ယမ်းမိုင်ကျေးရွာအုပ်စု၊ ၆။ ယမ်းခမ်းကျေးရွာအုပ်စု၊ ၇။ မိုင်းပုအွန်ကျေးရွာအုပ်စု၊ ၈။ မိုင်းမန်းကျေးရွာအုပ်စု၊ ၉။ မိုင်းလျှန်းကျေးရွာအုပ်စု၊ ၁၀။ နောင်ခစ် (ဝမ်ချန်) ကျေးရွာအုပ်စု၊ ၁၁။ ထမ်ယမ်းကျေးရွာအုပ်စု၊ ၁၂။ နားကျောင်းကျေးရွာအုပ်စု၊ ၁၃။ မိုင်းပုကြီးကျေးရွာအုပ်စု။ |
| ၂၂ | မိုင်းပျဉ်းမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ အမှတ် (၁) ရပ်ကွက် (တုံတာမြို့)၊ ၂။ အမှတ် (၂) ရပ်ကွက် (တုံတာမြို့)၊ ၃။ အမှတ် (၃) ရပ်ကွက် (တုံတာမြို့)၊ ၄။ အမှတ် (၄) ရပ်ကွက် (တုံတာမြို့)၊ ၅။ ဟောင်ကန်ကျေးရွာအုပ်စု၊ ၆။ ဝမ်ဖြစ်ကျေးရွာအုပ်စု၊ ၇။ ဝမ်တာခက်ကျေးရွာအုပ်စု၊ ၈။ ဖာခမ်းကျေးရွာအုပ်စု၊ ၉။ ဆင်မောင်းကျေးရွာအုပ်စု၊ ၁၀။ ပျက်ကန့်ကျေးရွာအုပ်စု၊ ၁၁။ တာကော်ကျေးရွာအုပ်စု၊ ၁၂။ ဖါဝေါကျေးရွာအုပ်စု၊ ၁၃။ နောင်ကွဲကျေးရွာအုပ်စု၊ ၁၄။ ပန်နောင်လုံ(သစ်)ကျေးရွာအုပ်စု၊ ၁၅။ ဝမ်မတ်လုံကျေးရွာအုပ်စု၊ ၁၆။ မိုင်းရှဲန်ကျေးရွာအုပ်စု၊ ၁၇။ နမ့်ရှိုကျေးရွာအုပ်စု၊ ၁၈။ ပန်ဝိုင်ကျေးရွာအုပ်စု။ |
| ၂၃ | တာချီလိတ်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ပုန်းထွန်းရပ်ကွက် (တာချီလိတ်မြို့)၊ ၂။ တာလေ့ရပ်ကွက် (တာချီလိတ်မြို့)၊ ၃။ ဝမ်ကောင်းရပ်ကွက် (တာချီလိတ်မြို့)၊ ၄။ မကာဟိုခမ်းရပ်ကွက် (တာချီလိတ်မြို့)၊ ၅။ ဆန်ဆိုင်းရပ်ကွက် (က) (တာချီလိတ်မြို့)၊ ၆။ ဆန်ဆိုင်းရပ်ကွက် (ခ) (တာချီလိတ်မြို့)၊ ၇။ မယ်ခေါင်ရပ်ကွက် (တာချီလိတ်မြို့)၊ ၈။ ဝိန်းကျောက်ရပ်ကွက် (တာချီလိတ်မြို့)၊ ၉။ ပါဆတ်ရပ်ကွက် (တာချီလိတ်မြို့)၊ ၁၀။ ဆေခမ်းရပ်ကွက် (တာချီလိတ်မြို့)၊ ၁၁။ ရန်အောင်မြေရပ်ကွက် (တာချီလိတ်မြို့)၊ ၁၂။ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ၁၃။ ဝမ်လုံကျေးရွာအုပ်စု။ |
| ၂၄ | တာချီလိတ်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ အမှတ် (၁) ရပ်ကွက် (တာလေမြို့)၊ ၂။ အမှတ် (၂) ရပ်ကွက် (တာလေမြို့)၊ ၃။ အမှတ် (၃) ရပ်ကွက် (တာလေမြို့)၊ ၄။ အမှတ် (၄) ရပ်ကွက် (တာလေမြို့)၊ ၅။ အမှတ် (၁) ရပ်ကွက် (ကျိုင်းလပ်မြို့)၊ ၆။ အမှတ် (၂) ရပ်ကွက် (ကျိုင်းလပ်မြို့)၊ ၇။ အမှတ် (၃) ရပ်ကွက် (ကျိုင်းလပ်မြို့)၊ ၈။ မိုင်းကိုးကျေးရွာအုပ်စု၊ ၉။ မိုင်းဖုံး (က) ကျေးရွာအုပ်စု၊ ၁၀။ မိုင်းဖုံး (ခ) ကျေးရွာအုပ်စု၊ ၁၁။ နားယောင်းကျေးရွာအုပ်စု၊ ၁၂။ မိုင်းလင်း (အရှေ့) ကျေးရွာအုပ်စု၊ ၁၃။ မိုင်းလင်း (အနောက်) ကျေးရွာအုပ်စု၊ ၁၄။ နမ့်ခင်းကျေးရွာအုပ်စု၊ ၁၅။ မိုင်းပါလျှိုးကျေးရွာအုပ်စု၊ ၁၆။ ကျားခမ်းကျောက်ကျေးရွာအုပ်စု၊ ၁၇။ ဖန်မင်ကျေးရွာအုပ်စု၊ ၁၈။ မိုင်းဟဲကျေးရွာအုပ်စု။ |
| ၂၅ | မိုင်းဖြတ်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ဝမ်ဋ္ဌေရပ်ကွက် (မိုင်းဖြတ်မြို့)၊ ၂။ မိုင်းတင်းကျေးရွာအုပ်စု၊ ၃။ လမ်းဆတ်ကျေးရွာအုပ်စု၊ ၄။ ဟွေရှိုကျေးရွာအုပ်စု၊ ၅။ နမ့်နန်းကျေးရွာအုပ်စု၊ ၆။ မွန်ကာကျောင်းကျေးရွာအုပ်စု၊ ၇။ နမ့်လောက်ကျေးရွာအုပ်စု၊ ၈။ နမ့်လန်းကျေးရွာအုပ်စု၊ ၉။ နမ့်ကုန်းကျေးရွာအုပ်စု၊ ၁၀။ တောညနမ့်ခမ်း (အောက်) ကျေးရွာအုပ်စု၊ ၁၁။ မိုင်းဖြတ်ကျေးရွာအုပ်စု၊ ၁၂။ ဝမ်လုံးကျေးရွာအုပ်စု။ |
| ၂၆ | မိုင်းဖြတ်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ဈေးတန်းရပ်ကွက် (မိုင်းဖြတ်မြို့)၊ ၂။ ဝမ်မိုင်ရပ်ကွက် (မိုင်းဖြတ်မြို့)၊ ၃။ နမ့်ပန်ကျေးရွာအုပ်စု၊ ၄။ နမ့်ယွန်းကျေးရွာအုပ်စု၊ ၅။ မိုင်းဟဲကျေးရွာအုပ်စု၊ ၆။ ကောင်းမူကျေးရွာအုပ်စု၊ ၇။ အိုက်လုံကျေးရွာအုပ်စု၊ ၈။ အိုက်ငုကျေးရွာအုပ်စု၊ ၉။ ဆားလုကျေးရွာအုပ်စု၊ ၁၀။ ဆီးမွန်ကျေးရွာအုပ်စု၊ ၁၁။ နမ့်ဟက်ပုံကျေးရွာအုပ်စု၊ ၁၂။ ဝမ်ပုံကျေးရွာအုပ်စု၊ ၁၃။ လုံကောင့်ကျေးရွာအုပ်စု။ |

| စဉ် | မဲဆန္ဒနယ်အမှတ် | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများစာရင်း |
|---|---|---|
| ၂၇ | မိုင်းယောင်းမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ အမှတ် (၁) ရပ်ကွက် (မိုင်းယောင်းမြို့)၊ ၂။ အမှတ် (၂) ရပ်ကွက် (မိုင်းယောင်းမြို့)၊ ၃။ အမှတ် (၃) ရပ်ကွက် (မိုင်းယောင်းမြို့)၊ ၄။ အမှတ် (၄) ရပ်ကွက် (မိုင်းယောင်းမြို့)၊ ၅။ အမှတ် (၅) ရပ်ကွက် (မိုင်းယောင်းမြို့)၊ ၆။ အမှတ် (၆) ရပ်ကွက် (မိုင်းယောင်းမြို့)၊ ၇။ အမှတ် (၇) ရပ်ကွက် (မိုင်းယောင်းမြို့)၊ ၈။ အမှတ် (၈) ရပ်ကွက် (မိုင်းယောင်းမြို့)၊ ၉။ အမှတ် (၉) ရပ်ကွက် (မိုင်းယောင်းမြို့)၊ ၁၀။ ဟောင်ကြန့်ကျေးရွာအုပ်စု၊ ၁၁။ မုန်းလိုက်ကျေးရွာအုပ်စု၊ ၁၂။ ဝမ်ပါဟုတ်ကျေးရွာအုပ်စု၊ ၁၃။ ဟွေဖကျေးရွာအုပ်စု၊ ၁၄။ ကျိုင်းကုန်းကျေးရွာအုပ်စု။ |
| ၂၈ | မိုင်းယောင်းမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ မိုင်းယုမြို့မရပ်ကွက် (မိုင်းယုမြို့)၊ ၂။ ဝမ်ထန်ကျန့်ကျေးရွာအုပ်စု၊ ၃။ ဝမ်ဒွန်းနွဲ့ကျေးရွာအုပ်စု၊ ၄။ မိုင်းလွေကျေးရွာအုပ်စု၊ ၅။ ဝမ်ဖြတ်ကျေးရွာအုပ်စု၊ ၆။ ကျိုင်းခမ်းကျေးရွာအုပ်စု၊ ၇။ မိုင်းဟီးကျေးရွာအုပ်စု၊ ၈။ မိုင်းဆော်ကျေးရွာအုပ်စု၊ ၉။ မိုင်းနန်းကျေးရွာအုပ်စု၊ ၁၀။ မိုင်းထန်ကျေးရွာအုပ်စု၊ ၁၁။ မိုင်းခန်းကျေးရွာအုပ်စု၊ ၁၂။ ဝမ်တပ်ကျေးရွာအုပ်စု၊ ၁၃။ ဝမ်မန်းကျေးရွာအုပ်စု၊ ၁၄။ ဝမ်ကောင်းကျေးရွာအုပ်စု၊ ၁၅။ ဝမ်ဘိုးကျေးရွာအုပ်စု၊ ၁၆။ ဝမ်အင်ကျေးရွာအုပ်စု။ |
| ၂၉ | တောင်ကြီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ရေအေးကွင်းရပ်ကွက် (တောင်ကြီးမြို့)၊ ၂။ စဝ်စံထွန်းရပ်ကွက် (တောင်ကြီးမြို့)၊ ၃။ ဘုရားဖြူရပ်ကွက် (တောင်ကြီးမြို့)၊ ၄။ အမှတ် (၁) ရပ်ကွက်(အေးသာယာမြို့)၊ ၅။ အမှတ် (၂) ရပ်ကွက်(အေးသာယာမြို့)၊ ၆။ အမှတ် (၃) ရပ်ကွက် (အေးသာယာမြို့)၊ ၇။ အမှတ် (၄) ရပ်ကွက်(အေးသာယာမြို့)၊ ၈။ အမှတ် (၅) ရပ်ကွက်(အေးသာယာမြို့)၊ ၉။ အမှတ် (၆)ရပ်ကွက်(အေးသာယာမြို့)၊ ၁၀။ အမှတ် (၇) ရပ်ကွက်(အေးသာယာမြို့)၊ ၁၁။ အမှတ် (၈)ရပ်ကွက် (အေးသာယာမြို့)၊ ၁၂။ အမှတ် (၉) ရပ်ကွက် (အေးသာယာမြို့)၊ ၁၃။ အမှတ် (၁၀) ရပ်ကွက် (အေးသာယာမြို့)၊ ၁၄။ အမှတ် (၁၁) ရပ်ကွက်(အေးသာယာမြို့)၊ ၁၅။ အမှတ်(၁၂)ရပ်ကွက်(အေးသာယာမြို့)၊ ၁၆။ လှိုင်ဘုံသာရပ်ကွက်(ရွှေညောင်မြို့)၊ ၁၇။ သုခချမ်းသာရပ်ကွက် (ရွှေညောင်မြို့)၊ ၁၈။ ရွှေဘုံသာရပ်ကွက် (ရွှေညောင်မြို့)၊ ၁၉။ ခနသိဒ္ဓိရပ်ကွက် (ရွှေညောင်မြို့)၊ ၂၀။ ရတနာရပ်ကွက်(ရွှေညောင်မြို့)၊ ၂၁။ မင်္ဂလာရွှေဗဟိုရပ်ကွက်(ရွှေညောင်မြို့)၊ ၂၂။ မင်္ဂလာအောင်မြေရပ်ကွက် (ရွှေညောင်မြို့)၊ ၂၃။ ဆည်လဲရပ်ကွက် (ရွှေညောင်မြို့)၊ ၂၄။ စဥ့်ဟယ်ရပ်ကွက် (ရွှေညောင်မြို့)၊ ၂၅။ အောင်သပြေရပ်ကွက်(ရွှေညောင်မြို့)၊ ၂၆။ မင်္ဂလာရပ်ကွက် (ရွှေညောင်မြို့)၊ ၂၇။ နန်းဟောင်းကျေးရွာအုပ်စု၊ ၂၈။ လွယ်ကော်ကျေးရွာအုပ်စု၊ ၂၉။ မင်္ဂလာကျေးရွာအုပ်စု၊ ၃၀။ နန်းဟူးကျေးရွာအုပ်စု၊ ၃၁။ ဖက်ကွန်ကျေးရွာအုပ်စု၊ ၃၂။ ပန်းတင်ကျေးရွာအုပ်စု၊ ၃၃။ မိုင်းသော် (အရှေ့) ကျေးရွာအုပ်စု၊ ၃၄။ မိုင်းသော် (အနောက်) ကျေးရွာအုပ်စု၊ ၃၅။ ဘန့်ကွေးကျေးရွာအုပ်စု၊ ၃၆။ တောင်လေးလုံးကျေးရွာအုပ်စု၊ ၃၇။ သံတဲကျေးရွာအုပ်စု၊ ၃၈။ ကွန်လုံကျေးရွာအုပ်စု၊ ၃၉။ ကျောက်နီကျေးရွာအုပ်စု။ |
| ၃၀ | တောင်ကြီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ညောင်ဖြူစခန်းရပ်ကွက် (တောင်ကြီးမြို့)၊ ၂။ မင်္ဂလာဦးရပ်ကွက် (တောင်ကြီးမြို့)၊ ၃။ ရတနာသီရိရပ်ကွက် (တောင်ကြီးမြို့)၊ ၄။ ပြည်တော်သာရပ်ကွက် (တောင်ကြီးမြို့)၊ ၅။ ချမ်းမြသာစည်ရပ်ကွက်(တောင်ကြီးမြို့)၊ ၆။ ကန်အောက်ရပ်ကွက် (တောင်ကြီးမြို့)၊ ၇။ ကံအောက်ရပ်ကွက် (တောင်ကြီးမြို့)၊ ၈။ ညောင်ရွှေဟော်ကုန်းရပ်ကွက် (တောင်ကြီးမြို့)၊ ၉။ ရွှေတောင်ရပ်ကွက် (တောင်ကြီးမြို့)၊ ၁၀။ ဈေးပိုင်းရပ်ကွက် (တောင်ကြီးမြို့)၊ ၁၁။ စိန်ပန်းရပ်ကွက် (တောင်ကြီးမြို့)၊ ၁၂။ ဟော်ကုန်းရပ်ကွက် (တောင်ကြီးမြို့)၊ ၁၃။ လမ်းမတော်ရပ်ကွက် (တောင်ကြီးမြို့)၊ ၁၄။ သစ်တောရပ်ကွက် (တောင်ကြီးမြို့)၊ ၁၅။ ကံသာရပ်ကွက် (တောင်ကြီးမြို့)၊ ၁၆။ မြို့မရပ်ကွက် (တောင်ကြီးမြို့)၊ ၁၇။ ချမ်းသာရပ်ကွက် (တောင်ကြီးမြို့)၊ ၁၈။ ကျောင်းကြီးစုရပ်ကွက် (တောင်ကြီးမြို့)၊ ၁၉။ ကံကြီးရပ်ကွက် (တောင်ကြီးမြို့)၊ ၂၀။ တပုရွှေးရပ်ကွက် (ကျောက်တစ်လုံးကြီးမြို့)၊ ၂၁။ ဒိုးအိုးရပ်ကွက် (ကျောက်တလုံးကြီးမြို့)၊ |

| စဉ် | မဲဆန္ဒနယ်အမှတ် | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများစာရင်း |
|---|---|---|
| | | ၂၂။ နောင်လုံရပ်ကွက် (ကျောက်တလုံးကြီးမြို့)၊ ၂၃။ ထီလုံရပ်ကွက် (ကျောက်တလုံးကြီးမြို့)၊ ၂၄။ လင်းနားရပ်ကွက် (ကျောက်တလုံးကြီးမြို့)၊ ၂၅။ ကောင်ဝိန်းရပ်ကွက် (ကျောက်တလုံးကြီးမြို့)၊ ၂၆။ အသုံးတော်ကျေးရွာအုပ်စု၊ ၂၇။ နောင်ကားကျေးရွာအုပ်စု၊ ၂၈။ နားဟီးကျေးရွာအုပ်စု၊ ၂၉။ နောင်ခဲကျေးရွာအုပ်စု၊ ၃၀။ ကက္ကူကျေးရွာအုပ်စု၊ ၃၁။ ပင်တွန်ကျေးရွာအုပ်စု၊ ၃၂။ နောင်ပစ်ကျေးရွာအုပ်စု၊ ၃၃။ နောင်လေကျေးရွာအုပ်စု၊ ၃၄။ ဖာမွန်းကျေးရွာအုပ်စု၊ ၃၅။ ထီဖောင်းကျေးရွာအုပ်စု၊ ၃၆။ နမ်းဆီးကျေးရွာအုပ်စု။ |
| ၃၁ | ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ကံသာရပ်ကွက် (ညောင်ရွှေမြို့)၊ ၂။ မြို့လယ်ရပ်ကွက် (ညောင်ရွှေမြို့)၊ ၃။ သာစည်ရပ်ကွက် (ညောင်ရွှေမြို့)၊ ၄။ နန္ဒဝန်ရပ်ကွက် (ညောင်ရွှေမြို့)၊ ၅။ မိုင်းလီရပ်ကွက် (ညောင်ရွှေမြို့)၊ ၆။ ဝင်းရပ်ကွက် (ညောင်ရွှေမြို့)၊ ၇။ နန်းပန်ရပ်ကွက် (ညောင်ရွှေမြို့)၊ ၈။ မင်္ဂလာရပ်ကွက် (ညောင်ရွှေမြို့)၊ ၉။ ရွာသာကျေးရွာအုပ်စု၊ ၁၀။ တိလောစခန်းကြီးကျေးရွာအုပ်စု၊ ၁၁။ တောင်ပို့ကြီးကျေးရွာအုပ်စု၊ ၁၂။ နန်းသဲကျေးရွာအုပ်စု၊ ၁၃။ တောင်ခြေမြင်းစခွန့်ကျေးရွာအုပ်စု၊ ၁၄။ လက်မောင်းကွေးကျေးရွာအုပ်စု၊ ၁၅။ ခေါင်တိုင်ကျေးရွာအုပ်စု၊ ၁၆။ လင်းကင်းကျေးရွာအုပ်စု၊ ၁၇။ မင်းချောင်းကျေးရွာအုပ်စု၊ ၁၈။ ကွန်းကြီးကျေးရွာအုပ်စု၊ ၁၉။ သပြေပင်ကျေးရွာအုပ်စု၊ ၂၀။ ငါးဖယ်ချောင်းကျေးရွာအုပ်စု၊ ၂၁။ မိုင်းသောက်ကျေးရွာအုပ်စု၊ ၂၂။ သလဲဦးကျေးရွာအုပ်စု။ |
| ၃၂ | ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ အမှတ် (၁) ရပ်ကွက် (နန်းပန်မြို့)၊ ၂။ အမှတ် (၂) ရပ်ကွက် (နန်းပန်မြို့)၊ ၃။ အမှတ် (၃) ရပ်ကွက် (နန်းပန်မြို့)၊ ၄။ အမှတ် (၄) ရပ်ကွက် (နန်းပန်မြို့)၊ ၅။ ဟဲယာရွာမကျေးရွာအုပ်စု၊ ၆။ အင်းခြံကေလာကျေးရွာအုပ်စု၊ ၇။ အင်းတိန်ကျေးရွာအုပ်စု၊ ၈။ သာလေးကျေးရွာအုပ်စု၊ ၉။ အင်းပေါခုံကျေးရွာအုပ်စု၊ ၁၀။ တုံးလည်ကျေးရွာအုပ်စု၊ ၁၁။ ကျေးပေါခုံကျေးရွာအုပ်စု၊ ၁၂။ မိုင်းပျိုးကျေးရွာအုပ်စု၊ ၁၃။ အင်းလျားကျိုင်းခမ်းကျေးရွာအုပ်စု၊ ၁၄။ တောင်တိုကျေးရွာအုပ်စု၊ ၁၅။ နောင်တောကျေးရွာအုပ်စု၊ ၁၆။ ကျောက်တိုင်ကျေးရွာအုပ်စု၊ ၁၇။ ပုံ့မူကျေးရွာအုပ်စု၊ ၁၈။ အင်းတန်ကျေးရွာအုပ်စု၊ ၁၉။ စံကားကျေးရွာအုပ်စု၊ ၂၀။ ဘန်းပြင်ကျေးရွာအုပ်စု၊ ၂၁။ လုံကန်ကျေးရွာအုပ်စု၊ ၂၂။ ရေပူကျေးရွာအုပ်စု၊ ၂၃။ လင်လံ (တောင်) ကျေးရွာအုပ်စု၊ ၂၄။ လင်လံ (မြောက်) ကျေးရွာအုပ်စု။ |
| ၃၃ | ကလောမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ အမှတ် (၁) ရပ်ကွက် (ကလောမြို့)၊ ၂။ အမှတ် (၂) ရပ်ကွက် (ကလောမြို့)၊ ၃။ အမှတ် (၃) ရပ်ကွက် (ကလောမြို့)၊ ၄။ အမှတ် (၄) ရပ်ကွက် (ကလောမြို့)၊ ၅။ အမှတ် (၅) ရပ်ကွက် (ကလောမြို့)၊ ၆။ အမှတ် (၆) ရပ်ကွက် (ကလောမြို့)၊ ၇။ အမှတ် (၇) ရပ်ကွက် (ကလောမြို့)၊ ၈။ အမှတ် (၈) ရပ်ကွက် (ကလောမြို့)၊ ၉။ အမှတ် (၉) ရပ်ကွက် (ကလောမြို့)၊ ၁၀။ အမှတ် (၁၀) ရပ်ကွက် (ကလောမြို့)၊ ၁၁။ အမှတ်(၁၁) ရပ်ကွက်(ကလောမြို့)၊ ၁၂။ အမှတ်(၁) ရပ်ကွက်(အောင်ပန်းမြို့)၊ ၁၃။ အမှတ် (၂) ရပ်ကွက် (အောင်ပန်းမြို့)၊ ၁၄။ အမှတ် (၃) ရပ်ကွက် (အောင်ပန်းမြို့)၊ ၁၅။ အမှတ် (၄) ရပ်ကွက် (အောင်ပန်းမြို့)၊ ၁၆။ ညောင်ပင်ထောင်ရပ်ကွက် (အောင်ပန်းမြို့)၊ ၁၇။ လှည်းရိုးရပ်ကွက် (အောင်ပန်းမြို့)၊ ၁၈။ ရှာင်စုရပ်ကွက် (အောင်ပန်းမြို့)၊ ၁၉။ လက်မပင်ရပ်ကွက် (အောင်ပန်းမြို့)၊ ၂၀။ မြို့ဟောင်းရပ်ကွက် (အောင်ပန်းမြို့)၊ ၂၁။ မင်္ဂလာရပ်ကွက် (အောင်ပန်းမြို့)၊ ၂၂။ ရွာသစ်ရပ်ကွက် (အောင်ပန်းမြို့)၊ ၂၃။ မိုးကောင်းရပ်ကွက် (အောင်ပန်းမြို့)၊ ၂၄။ လမိုင်းကျေးရွာအုပ်စု၊ ၂၅။ နန်းနိုင်ကျေးရွာအုပ်စု၊ ၂၆။ လွယ်အံကျေးရွာအုပ်စု၊ |

| စဉ် | မဲဆန္ဒနယ်အမှတ် | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများစာရင်း |
|---|---|---|
| | | ၂၇။ မြင်းမထိကျေးရွာအုပ်စု၊ ၂၈။ တောင်လားကျေးရွာအုပ်စု၊ ၂၉။ တောင်ကွဲကျေးရွာအုပ်စု၊ ၃၀။ ဝက်ဖြူရေကျေးရွာအုပ်စု၊ ၃၁။ ရွှေမင်းဖုန်းကျေးရွာအုပ်စု၊ ၃၂။ နန်းတိုင်းကျေးရွာအုပ်စု၊ ၃၃။ သူရဲကျေးရွာအုပ်စု၊ ၃၄။ လွယ်မောကျေးရွာအုပ်စု။ |
| ၃၄ | ကလောမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ အမှတ် (၁) ရပ်ကွက် (ဟဲဟိုးမြို့)၊ ၂။ အမှတ် (၂) ရပ်ကွက် (ဟဲဟိုးမြို့)၊ ၃။ အမှတ် (၃) ရပ်ကွက် (ဟဲဟိုးမြို့)၊ ၄။ အမှတ် (၄) ရပ်ကွက် (ဟဲဟိုးမြို့)၊ ၅။ အမှတ် (၅) ရပ်ကွက် (ဟဲဟိုးမြို့)၊ ၆။ ကမ္ဘားနီကျေးရွာအုပ်စု၊ ၇။ ရေချိုကျေးရွာအုပ်စု၊ ၈။ နောင်ရဲကျေးရွာအုပ်စု၊ ၉။ ပင်မှိကျေးရွာအုပ်စု၊ ၁၀။ လယ်ကြားကျေးရွာအုပ်စု၊ ၁၁။ သာမိုင်းခမ်းကျေးရွာအုပ်စု၊ ၁၂။ ငုတ်ကျေးရွာအုပ်စု၊ ၁၃။ ငုံးသုံကျေးရွာအုပ်စု၊ ၁၄။ ဝါးရုံပင်ကျေးရွာအုပ်စု၊ ၁၅။ သီခေါင်ကျေးရွာအုပ်စု၊ ၁၆။ ကျောက်ထပ်ကျေးရွာအုပ်စု၊ ၁၇။ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ၁၈။ ဘော်နင်းကျေးရွာအုပ်စု၊ ၁၉။ ပဲရင်းတောင်ကျေးရွာအုပ်စု၊ ၂၀။ စကားအင်းကျေးရွာအုပ်စု။ |
| ၃၅ | ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ တောင်ကွက်သစ်ရပ်ကွက် (ရပ်စောက်မြို့)၊ ၂။ မြို့ကုန်းရပ်ကွက် (ရပ်စောက်မြို့)၊ ၃။ မြောက်ကွက်သစ်ရပ်ကွက် (ရပ်စောက်မြို့)၊ ၄။ ဗထူးရပ်ကွက် (ရပ်စောက်မြို့)၊ ၅။ လွယ်ကိုးကျေးရွာအုပ်စု၊ ၆။ မကျီးကုန်းကျေးရွာအုပ်စု၊ ၇။ အလယ်ချောင်းကျေးရွာအုပ်စု၊ ၈။ မြင်တောင်ကျေးရွာအုပ်စု၊ ၉။ ကောင်းဘို့ကျေးရွာအုပ်စု၊ ၁၀။ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု။ |
| ၃၆ | ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ဈေးတန်းရပ်ကွက် (ရပ်စောက်မြို့)၊ ၂။ ဥတ္တံတားရပ်ကွက် (ရပ်စောက်မြို့)၊ ၃။ ဇော်ဂျီရပ်ကွက် (ရပ်စောက်မြို့)၊ ၄။ မြို့ဦးရပ်ကွက် (ရပ်စောက်မြို့)၊ ၅။ အမှတ် (၁) ရပ်ကွက် (အင်တောမြို့)၊ ၆။ အမှတ် (၂) ရပ်ကွက် (အင်တောမြို့)၊ ၇။ အမှတ် (၃) ရပ်ကွက်(အင်တောမြို့)၊ ၈။ အမှတ် (၄) ရပ်ကွက်(အင်တောမြို့)၊ ၉။ အမှတ် (၅) ရပ်ကွက်(အင်တောမြို့)၊ ၁၀။ အမှတ် (၆) ရပ်ကွက်(အင်တောမြို့)၊ ၁၁။ ဖေါင်းတောကျေးရွာအုပ်စု၊ ၁၂။ ကျောက်တောကျေးရွာအုပ်စု၊ ၁၃။ နန်းလွဲကျေးရွာအုပ်စု၊ ၁၄။ ပွေးကျေးရွာအုပ်စု၊ ၁၅။ မားသဲကျေးရွာအုပ်စု၊ ၁၆။ ပါမဲကျေးရွာအုပ်စု၊ ၁၇။ ကျိုင်းခမ်းကျေးရွာအုပ်စု၊ ၁၈။ အိုးကွဲကျေးရွာအုပ်စု၊ ၁၉။ နန်းကောင်းမှုကျေးရွာအုပ်စု၊ ၂၀။ နောင်ဝိုးကျေးရွာအုပ်စု၊ ၂၁။ နောင်လုံကျေးရွာအုပ်စု၊ ၂၂။ ကျောက်ဂူကျေးရွာအုပ်စု။ |
| ၃၇ | ဖယ်ခုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ဟိန်ခမ့်ရပ်ကွက် (ဖယ်ခုံမြို့)၊ ၂။ နန်းဟူးရပ်ကွက် (ဖယ်ခုံမြို့)၊ ၃။ ညောင်ကုန်းရပ်ကွက် (ဖယ်ခုံမြို့)၊ ၄။ ဈေးတန်းရပ်ကွက် (ဖယ်ခုံမြို့)၊ ၅။ ဈေးအရှေ့ရပ်ကွက် (ဖယ်ခုံမြို့)၊ ၆။ ဈေးအနောက်ရပ်ကွက် (ဖယ်ခုံမြို့)၊ ၇။ မြို့ကုန်းရပ်ကွက် (ဖယ်ခုံမြို့)၊ ၈။ ကုံးဆုံကျေးရွာအုပ်စု၊ ၉။ ခေါင်းအီကျေးရွာအုပ်စု၊ ၁၀။ နားဟီးကျေးရွာအုပ်စု၊ ၁၁။ လွယ်ပေါကျေးရွာအုပ်စု၊ ၁၂။ ရီနွဲကျေးရွာအုပ်စု။ |
| ၃၈ | ဖယ်ခုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ဖယ်ခုံကျေးရွာအုပ်စု၊ ၂။ ကုရင်ကျေးရွာအုပ်စု၊ ၃။ မိုးပြဲကျေးရွာအုပ်စု၊ ၄။ သိကျိုတ်ကျေးရွာအုပ်စု၊ ၅။ ရီလုံရီကန်ကျေးရွာအုပ်စု၊ ၆။ အလယ်ပဒေါင်ကျေးရွာအုပ်စု၊ ၇။ ဗျဲ့တိုက်ကျေးရွာအုပ်စု။ |
| ၃၉ | ရွှာငံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ဈေးတန်းရပ်ကွက် (ရွှာငံမြို့)၊ ၂။ ရွာမရပ်ကွက် (ရွှာငံမြို့)၊ ၃။ မြို့ကုန်းရပ်ကွက် (ရွှာငံမြို့)၊ ၄။ နွားဘန်းကြီးကျေးရွာအုပ်စု၊ ၅။ ကျောက်မြောင်းကျေးရွာအုပ်စု၊ ၆။ ကျောက်ကူပြင်ကျေးရွာအုပ်စု၊ ၇။ ဒုတ္တိုးရေကျေးရွာအုပ်စု၊ |

| စဉ် | မဲဆန္ဒနယ်အမှတ် | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများစာရင်း |
|---|---|---|
| | | ၈။ လင်းဝေးကျေးရွာအုပ်စု၊ ၉။ တပင်ပျော်ကျေးရွာအုပ်စု၊ ၁၀။ မြို့ကြီးကျေးရွာအုပ်စု၊ ၁၁။ ကျွန်းကြီးကျေးရွာအုပ်စု၊ ၁၂။ ဆည်ကျေးရွာအုပ်စု၊ ၁၃။ ထီးလှိုင်ကျေးရွာအုပ်စု၊ ၁၄။ သိမ်ကုန်းကျေးရွာအုပ်စု၊ ၁၅။ ကျောက်ငှက်ကျေးရွာအုပ်စု၊ ၁၆။ကျောက်ပိဇပ်ကျေးရွာအုပ်စု၊ ၁၇။ အင်းကုန်းငါးဆူကျေးရွာအုပ်စု။ |
| ၄၀ | ရွာငံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ကျောက်ပုံကျေးရွာအုပ်စု၊ ၂။ ညောင်အိုင်ကျေးရွာအုပ်စု၊ ၃။ လယ်ကိုင်းကျေးရွာအုပ်စု၊ ၄။ ဆပ်ခြံကျေးရွာအုပ်စု၊ ၅။ ရနဲကျေးရွာအုပ်စု၊ ၆။ မြိုင်ကျေးရွာအုပ်စု၊ ၇။ အလယ်ချောင်ကျေးရွာအုပ်စု၊ ၈။ ဆင်ခေါင်းကျေးရွာအုပ်စု၊ ၉။ မြင်းကျဒိုးကျေးရွာအုပ်စု၊ ၁၀။ မြင်းတွင်းကျေးရွာအုပ်စု၊ ၁၁။ ဘုရားကြီးကုန်းကျေးရွာအုပ်စု၊ ၁၂။ ယကြီးကျေးရွာအုပ်စု၊ ၁၃။ နန်းခုံကျေးရွာအုပ်စု၊ ၁၄။ ကျန်တောကျေးရွာအုပ်စု။ |
| ၄၁ | ပင်းတယမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ရှမ်းရပ်ကွက် (ပင်းတယမြို့)၊ ၂။ ဈေးတန်းရပ်ကွက် (ပင်းတယမြို့)၊ ၃။ ဆင်ခေါင်းရပ်ကွက် (ပင်းတယမြို့)၊ ၄။ ရွာသစ်စေတီကုန်းရပ်ကွက် (ပင်းတယမြို့)၊ ၅။ ဆူးဗိုကုန်းရပ်ကွက် (ပင်းတယမြို့)၊ ၆။ အော်ယောရပ်ကွက် (ပင်းတယမြို့)၊ ၇။ ရွာငယ်ရပ်ကွက် (ပင်းတယမြို့)၊ ၈။ ဟော်ကုန်းရပ်ကွက် (ပင်းတယမြို့)၊ ၉။ အနောက်ရပ်ကွက် (ပင်းတယမြို့)၊ ၁၀။ ပေါက်တောရပ်ကွက် (ပင်းတယမြို့)၊ ၁၁။ ငှက်ပျောတောရပ်ကွက် (ပင်းတယမြို့)၊ ၁၂။ ပြည်တော်သာရပ်ကွက် (ပင်းတယမြို့)၊ ၁၃။ သီရိမင်္ဂလာရပ်ကွက် (ပင်းတယမြို့)၊ ၁၄။ ပွေးလှကျေးရွာအုပ်စု၊ ၁၅။ သရက်ကုန်းကျေးရွာအုပ်စု၊ ၁၆။ ကူးကော်ကျေးရွာအုပ်စု၊ ၁၇။ ရှားပြားကျေးရွာအုပ်စု၊ ၁၈။ မြင်းမူးကျေးရွာအုပ်စု၊ ၁၉။ ကျားကုန်းကျေးရွာအုပ်စု၊ ၂၀။ နန်းကုန်းကျေးရွာအုပ်စု၊ ၂၁။ မြေခြား (မြောက်)ကျေးရွာအုပ်စု၊ ၂၂။ ကျုံးကျေးရွာအုပ်စု၊ ၂၃။ မြေခြားချိုင့်ကျေးရွာအုပ်စု၊ ၂၄။ တမဲကျေးရွာအုပ်စု။ |
| ၄၂ | ပင်းတယမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ထွက်နီကျေးရွာအုပ်စု၊ ၂။ သစ်အယ်ပင်ကျေးရွာအုပ်စု၊ ၃။ တောင်ပေါ်ကြီးကျေးရွာအုပ်စု၊ ၄။ ရေဖြူကျေးရွာအုပ်စု၊ ၅။ ကျောက်စုကျေးရွာအုပ်စု၊ ၆။ ထယ်သွန်းကျေးရွာအုပ်စု၊ ၇။ မဲနယ်တောင်ကျေးရွာအုပ်စု၊ ၈။ ရွှေပုထိုးကျေးရွာအုပ်စု၊ ၉။ ပန်းစစ်ကျေးရွာအုပ်စု၊ ၁၀။ သိမ်ကုန်းကျေးရွာအုပ်စု၊ ၁၁။ ပင်ပျော်ကျေးရွာအုပ်စု၊ ၁၂။ တောင်ရှည်ကျေးရွာအုပ်စု၊ ၁၃။ ညောင်ကောက်ကျေးရွာအုပ်စု၊ ၁၄။ ညောင်ဝန်းကျေးရွာအုပ်စု၊ ၁၅။ မိုင်းလီကျေးရွာအုပ်စု၊ ၁၆။ အင်းငယ်ကျေးရွာအုပ်စု။ |
| ၄၃ | ဟိုပုံးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ မြို့ဦးရပ်ကွက် (ဟိုပုံးမြို့)၊ ၂။ မြို့ဦးကွက်သစ်ရပ်ကွက် (ဟိုပုံးမြို့)၊ ၃။ ကျောက်တန်းကျေးရွာအုပ်စု၊ ၄။ ဘော်ကုန်းကျေးရွာအုပ်စု၊ ၅။ တိလုံကျေးရွာအုပ်စု၊ ၆။ လွယ်အွန့်ကျေးရွာအုပ်စု၊ ၇။ လဲသက်ကျေးရွာအုပ်စု၊ ၈။ လုံခုတ်ကျေးရွာအုပ်စု၊ ၉။ ဖက်ရမ်းကျေးရွာအုပ်စု၊ ၁၀။ နောင်ဒေးကျေးရွာအုပ်စု၊ ၁၁။ မောက်မွန်းကျေးရွာအုပ်စု၊ ၁၂။ မိုင်းပျဉ်းကျေးရွာအုပ်စု၊ ၁၃။ နမ့်ပါချိုးကျေးရွာအုပ်စု၊ ၁၄။ နားပုံကျေးရွာအုပ်စု၊ ၁၅။ ဆနင်းကျေးရွာအုပ်စု၊ ၁၆။ မိုင်းလင်းကျေးရွာအုပ်စု၊ ၁၇။ နားတစ်ကျေးရွာအုပ်စု။ |
| ၄၄ | ဟိုပုံးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ အနောက်ရပ်ကွက် (ဟိုပုံးမြို့)၊ ၂။ အရှေ့ရပ်ကွက် (ဟိုပုံးမြို့)၊ ၃။ တောင်ရပ်ကွက် (ဟိုပုံးမြို့)၊ ၄။ တုံခမ်းရပ်ကွက် (ဟိုပုံးမြို့)၊ ၅။ နမ့်ခုတ်ကျေးရွာအုပ်စု၊ ၆။ ကုန်းကျိုင်းကျေးရွာအုပ်စု၊ ၇။ လုံဟေးကျေးရွာအုပ်စု၊ ၈။ ပေါင်လင်းကျေးရွာအုပ်စု၊ ၉။ စံဖူး (မဲနယ်တောင်) ကျေးရွာအုပ်စု၊ ၁၀။ စငေါ်ကျေးရွာအုပ်စု၊ ၁၁။ နောင်လိုင်မူဖိတ်ကျေးရွာအုပ်စု။ |

| စဉ် | မဲဆန္ဒနယ်အမှတ် | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများစာရင်း |
|---|---|---|
| ၄၅ | ဆီဆိုင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ဟိုခဲရပ်ကွက် (ဆီဆိုင်မြို့)၊ ၂။ မင်္ဂလာရပ်ကွက် (ဆီဆိုင်မြို့)၊ ၃။ သီရိရပ်ကွက် (ဆီဆိုင်မြို့)၊ ၄။ အောင်သပြေရပ်ကွက် (ဆီဆိုင်မြို့)၊ ၅။ အောင်ချမ်းသာ ရပ်ကွက် (ဆီဆိုင်မြို့)၊ ၆။ မြကန်သာရပ်ကွက် (ဆီဆိုင်မြို့)၊ ၇။ ဆီဆိုင်ကျေးရွာ အုပ်စု၊ ၈။ တဘက်ကျေးရွာအုပ်စု၊ ၉။ ပင်စုံကျေးရွာအုပ်စု၊ ၁၀။ လွယ်ပွတ် ကျေးရွာအုပ်စု၊ ၁၁။ တောင် (အရှေ့) ကျေးရွာအုပ်စု။ |
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ မူဝါဒရေးရာဦးစီးဌာန၊ မူဝါဒရေးရာဌာနမှ ညွှန်ကြားရေးမှူး လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးနေလင်း အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၄-၈-၂၀၂၀ ရက်နေ့မှ ၂၃-၁၂-၂၀၂၀ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များ ကုန်ဆုံးပြီးသည့် ၂၄-၁၂-၂၀၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၂၃၃ (က) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ကျော်တင့်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၁၂၅/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်)

၁။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့၊ မြို့မအနောက်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၀၄-က/ငါးခူရကွင်း)၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ ၀. ၅၃ ဧက** အား ကုန်သွယ်ရေးဦးစီးဌာန၊ မောင်တော မြို့နယ်ကုန်သွယ်ရေးဦးစီးဌာန မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၁၂၆/၂၀၂၀)

၁။ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်၊ ဘုမေကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅၄၃/ သဲချောင်းကွင်း)၊ ဦးပိုင်အမှတ် (ကျ/၈) အနက်မှ **မြေဧရိယာ ၁၀. ၀၀ ဧက** အား **အမှတ် (၅) တက္ကသိုလ် လေ့ကျင့်ရေးတပ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

မင်းသူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်)

**The COVID-19 Crisis Response Emergency Support Loan အတွက်**
**လုပ်ငန်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း**

၁။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို ကုစားရန် COVID-19 Economic Relief Plan (CERP) တွင် ချမှတ်ထားသော ဆောင်ရွက်ရန်လုပ်ငန်းစဉ်များကို ရေတို/ရေရှည် သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် "လုပ်ငန်းကြီးကြပ်မှုကော်မတီ (Program Monitoring Committee-PMC)" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံး

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(င) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ထ) ဥက္ကဋ္ဌ အဖွဲ့ဝင်
သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ

(ဒ) ကိုယ်စားလှယ် အဖွဲ့ဝင်
JICA Myanmar Office

(ဓ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ငွေတိုက်ဦးစီးဌာန

**လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်**

၂။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လူမှုစီးပွားဆိုင်ရာထိခိုက်မှုများကို ကုစားရန် COVID-19 Economic Relief Plan (CERP) တွင် ချမှတ်ထားသော ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ရေတို/ရေရှည် သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းမည့်လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) COVID-19 ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသော အခက်အခဲများမှ လွတ်မြောက်ရန် လိုအပ်သော စီးပွားရေးမူဝါဒများနှင့် CERP အကောင်အထည်ဖော်ခြင်း တိုးတက်မှုအခြေအနေကို ဆွေးနွေးရန်၊

(ခ) ဆက်လက်ဆောင်ရွက်မည့် ချေးငွေအဆင့်များအတွက် ကြီးကြပ်ကွပ်ကဲရန် အမှန်တကယ် အကောင်အထည်ဖော်မည့် မူဝါဒများကို ဆွေးနွေးသဘောတူရန်၊

(ဂ) မူဝါဒလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များအား ထောက်ခံအကြံပြုဆွေးနွေးကြရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၀)

## The COVID-19 Crisis Response Emergency Support Loan အတွက် လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို ကုစားရန် COVID-19 Economic Relief Plan (CERP) တွင် ချမှတ်ထားသော ဆောင်ရွက်ရန်လုပ်ငန်းစဉ်များကို ရေတို/ရေရှည် သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် "လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ (Program Implementation Unit-PIU)" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
ငွေတိုက်ဦးစီးဌာန

| | | |
|---|---|---|
| (ခ) | ညွှန်ကြားရေးမှူး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဒ) | ကော်မတီအဖွဲ့ဝင်<br>သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ | အဖွဲ့ဝင် |
| (ဓ) | ကိုယ်စားလှယ်<br>JICA Myanmar Office | အဖွဲ့ဝင် |
| (န) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အတွင်းရေးမှူး |

### လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့၏ အခန်းကဏ္ဍနှင့်လုပ်ငန်းတာဝန်

၂။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လူမှုစီးပွားဆိုင်ရာထိခိုက်မှုများကို ကုစားရန် COVID-19 Economic Relief Plan (CERP) တွင် ချမှတ်ထားသော ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ရေတို/ရေရှည် သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းမည့်လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ (PIU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်မှ ဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မူဝါဒလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းကြီးကြပ်မှုကော်မတီ (PMC) ၏ အတွင်းရေးမှူးရုံးအဖွဲ့အဖြစ် အထောက်အကူပြုဆောင်ရွက်ရန်၊

(ဂ) မူဝါဒအကောင်အထည်ဖော်သည့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ (၃) လ တစ်ကြိမ် လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများကို စုစည်း၍ လုပ်ငန်းကြီးကြပ်မှုကော်မတီ (PMC) သို့ တင်ပြရန်၊

(ဃ) မူဝါဒများ အကောင်အထည်ဖော်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုအတွက် JICA နှင့် အဓိကပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အဖြစ် ဆောင်ရွက်ရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၀)

### အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ Rapid Credit Facility (RCF) နှင့် Rapid Financing Instrument (RFI) ချေးငွေရယူခြင်းအတွက် လုပ်ငန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံတွင် COVID-19 ကြောင့် လူမှုစီးပွားရေးဆိုင်ရာထိခိုက်မှုများကို ကုစားနိုင်ရေးအတွက် နိုင်ငံတော်၏ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းနိုင်ရန် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ Rapid Credit Facility (RCF) နှင့် Rapid Financing Instrument (RFI) အစီအစဉ်များဖြင့် ချေးငွေရယူဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကြီးကြပ်မှုကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ငွေတိုက်ဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
စာရင်းဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂။ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) IMF ၏ နည်းပညာအကူအညီဖြင့် ငွေကြေးမူဝါဒမူဘောင်ကို မြှင့်တင်ရန်၊

(ခ) အခွန်စည်းကြပ်မှုအားကောင်းစေရေးအတွက် IMF နှင့် အခြားသောဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ၏ အကူအညီများရယူ၍ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန်၊

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်၊

(ဃ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ငွေကြေးစီမံခန့်ခွဲမှုအားကောင်းစေရန်၊

(င) Monetary Financing လျှော့ချခြင်း၊ အတိုးနှုန်းဖြေလျှော့ပေးခြင်းနှင့် Monetary Transmission Mechanism အားကောင်းစေခြင်းတို့ကို ဆောင်ရွက်ရန်၊

(စ) အစိုးရအာမခံအေဂျင်စီမှတစ်ဆင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ပံ့ပိုးခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဆ) ဘဏ်လုပ်ငန်းများအား စီမံခန့်ခွဲနိုင်ရန် အရေးပေါ်အစီအစဉ် (Contingency Plan) ကို ရေးဆွဲပြုစုရန်၊

(ဇ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြင်ပစာရင်းစစ်အစီရင်ခံစာအပေါ် IMF နှင့် ဆက်လက်ဆွေးနွေး ညှိနှိုင်းရန်၊

(ဈ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ စောင့်ကြည့်ကြီးကြပ်ခံရသည့်စာရင်းမှ လွတ်မြောက်နိုင်ရေးအတွက် ကုစားမည့်လုပ်ငန်းအစီအစဉ်များကို သဘောတူညီထားသည့်ကာလအတွင်း Asia Pacific Group နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ည) Debt Service Suspension Initiative (DSSI) ကြောင့် ရရှိခံစားရသည့် ဘဏ္ဍာငွေကို CERP တွင် သတ်မှတ်ဖော်ပြထားသည့် စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များအတွက် အသုံးပြုရန်နှင့် ၎င်းအသုံးစရိတ်များကို အစီရင်ခံခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဋ) ကျန်းမာရေးနှင့် လူမှုရေးအသုံးစရိတ်များပါဝင်သည့် Quarterly consolidated GFS report အား ထုတ်ပြန်ရန်၊

(ဌ) CERP နှင့်သက်ဆိုင်သည့်အသုံးစရိတ်များအတွက် (၃) လပတ် ဘတ်ဂျက်အစီရင်ခံစာအား (၃) လပတ်အလိုက်ကုန်ဆုံးသည့်နေ့မှစ၍ (၃) လထက်နောက်မကျစေဘဲ ထုတ်ပြန်ရန်၊

(ဍ) အစိုးရက အာမခံချက်ထုတ်ပေးထားသော ချေးငွေများအပါအဝင် အစိုးရကြွေးမြီအားလုံးကို IMF နှင့် ကမ္ဘာ့ဘဏ်သို့ ပေးပို့ရန်နှင့် အစိုးရ၏ကြွေးမြီဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာအား အင်တာနက်စာမျက်နှာတွင် ထုတ်ပြန်ရန်၊

(ဎ) ကြွေးမြီရွှေ့ဆိုင်းသည့်ကာလအတွင်း သက်သာမှုမရှိသောချေးငွေအသစ်များ ရယူခြင်းမပြုရန်၊

(ဏ) COVID-19 နှင့် ဆက်စပ်သည့်အသုံးစရိတ်အားလုံးအတွက် (၃) လ တစ်ကြိမ်အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် (၆) လအတွင်း COVID-19 နှင့် ဆက်စပ်သည့် အသုံးစရိတ်များအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်အစီရင်ခံစာ၊ ကျပ်သန်း (၁၀၀) နှင့်အထက် COVID-19 နှင့် ဆက်စပ်သည့် ပစ္စည်းများဝယ်ယူခြင်းနှင့် ဆက်စပ်သည့် အချက်အလက်များ ပါဝင်သည့် အစီရင်ခံစာတို့ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြရန်၊

(တ) IMF Article of Agreement ၏ Article Vlll, Section 2, 3 and 4 ပါ တာဝန်များ ဆောင်ရွက်ရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ယခုအခါတွင် COVID-19 ကြောင့်ဖြစ်ပေါ်နေသော စီးပွားရေးကျဆင်းမှုကို ကုစားသည့်အနေဖြင့် ပြည်သူများထံမှ ကောက်ခံလျက်ရှိသော လူစီးမော်တော်ယာဉ်များအတွက် အကောက်ခွန်နှုန်းထားများအား အောက်ပါအတိုင်း ဖြေလျှော့ခွင့်ပြုလိုက်သည်-

| စဉ် | လူစီးမော်တော်ယာဉ် အမျိုးအစား | ပြည်ပသွင်းမော်တော်ယာဉ်များ အတွက်အကောက်ခွန်နှုန်း | | SKD စနစ်ဖြင့်တင်သွင်းမော်တော် ယာဉ်များအတွက်အကောက်ခွန်နှုန်း | |
|---|---|---|---|---|---|
| | | လက်ရှိ နှုန်း (%) | ပြင်ဆင်ကောက်ခံမည့် နှုန်း (%) | လက်ရှိ နှုန်း (%) | ပြင်ဆင်ကောက်ခံမည့် နှုန်း (%) |
| (က) | 2000 CC နှင့် အောက် | ၃၀% | ၂၀% | ၁၀% | ၀% |
| (ခ) | 2001 CC နှင့် အထက် | ၄၀% | ၃၀% | ၂၀% | ၅% |

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်)

အမှတ် ၅၄။   ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၀) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး<br>လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး<br>လစာနှုန်း |
|---|---|---|---|
| (က) | ဒေါ်သင်းသင်းမာ<br>(ကပ-၄၄၉၆) | ရုံးအုပ် (စီမံ)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စာပေဗိမာန်ရုံး | ဦးစီးအရာရှိ (စီမံ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံရေးရာဌာနခွဲ |
| (ခ) | ဒေါ်မမကြီး<br>(ကပ-၄၇၄၇) | ပုံနှိပ်ကျွမ်းကျင်-၁ (စီစဉ်ရေး)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (ပုံနှိပ်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုံနှိပ်ဌာနခွဲ |
| (ဂ) | ဦးသက်ဦး<br>(ကပ-၅၀၉၆) | ပုံနှိပ်ကျွမ်းကျင်-၁ (စီစဉ်ရေး)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဗဟိုပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (ပုံနှိပ်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုံနှိပ်ဌာနခွဲ |
| (ဃ) | ဦးဝင်းမြင့်ထွန်း<br>(ကပ-၄၃၃၂) | ပုံနှိပ်ကျွမ်းကျင်-၁ (ခေတ်ပုံ)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဂျီတီစီပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (ပုံနှိပ်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုံနှိပ်ဌာနခွဲ |
| (င) | ဦးအောင်ထွန်းလေး<br>(ကပ-၅၇၉၁) | အငယ်တန်းအင်ဂျင်နီယာ-၁<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စာပေဗိမာန်ပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (စက်မှုလက်မှု)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုံနှိပ်ဌာနခွဲ |
| (စ) | ဦးသက်နိုင်ထွေး<br>(ကပ-၆၅၄၆) | အငယ်တန်းအင်ဂျင်နီယာ-၁<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>နေပြည်တော်ပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (စက်မှုလက်မှု)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုံနှိပ်ဌာနခွဲ |
| (ဆ) | ဒေါ်စိုးစိုးအောင်<br>(ကပ-၅၃၃၉) | ဦးစီးမှူး (ထုတ်လုပ်)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>နေပြည်တော်ပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (ထုတ်လုပ်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ထုတ်လုပ်မှုဌာနခွဲ |
| (ဇ) | ဒေါ်တင်အေးကြည်<br>(ကပ-၄၀၇၉) | စာရင်းကိုင်-၁<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>နေပြည်တော်ပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (စာရင်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ငွေစာရင်းဌာနခွဲ |
| (ဈ) | ဒေါ်ယုယုခိုင်<br>(ကပ-၆၃၉၂) | စာရင်းကိုင်-၁<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ငွေစာရင်းဌာနခွဲ၊ ရန်ကုန်ရုံး | ဦးစီးအရာရှိ (စာရင်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ငွေစာရင်းဌာနခွဲ |

ဒေါက်တာဖေမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်)

၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၀) ၏ သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၏ကြီးကြပ်မှုအောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင် သာသနာရေးမှူးရုံးကို အရာထမ်းရာထူး ၂ နေရာ၊ အမှုထမ်းရာထူး ၁၃ နေရာ၊ စုစုပေါင်းရာထူး ၁၅ နေရာဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး ၅ ခုတွင် မြို့နယ်သာသနာရေးမှူးရုံး ၁၂ ရုံးကို အရာထမ်းရာထူး ၁၂ နေရာ၊ အမှုထမ်းရာထူး ၁၀၈ နေရာ၊ စုစုပေါင်းရာထူး ၁၂၀ နေရာဖြင့်လည်းကောင်း အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုသည့်အတွက် သာသနာရေးဦးစီးဌာန၏ ဖွဲ့စည်းပုံကို အရာထမ်းရာထူး ၂၈၃ နေရာ၊ အမှုထမ်းရာထူး ၂၂၅၅ နေရာ၊ စုစုပေါင်းရာထူး ၂၅၃၈ နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၈/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်)

**စိုက်ပျိုးရေးဦးစီးဌာန၏ ဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၀) ၏ သဘောတူခွင့်ပြုချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၏ ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၁၉၀၆) နေရာ၊ အမှုထမ်းရာထူး (၂၂၀၂၆) နေရာ၊ စုစုပေါင်းရာထူး (၂၄၀၃၂) နေရာဖြင့် ဖွဲ့စည်းထားရာမှ အောက်ဖော်ပြပါ စိုက်ပျိုးရေးသိပ္ပံကျောင်း (ဟုမ္မလင်း) အပါအဝင် ဌာန (၅) ခု၏ **စုစုပေါင်းအင်အား အရာထမ်းရာထူး (၄၈) နေရာ၊ အမှုထမ်း ရာထူး (၃၀၇)နေရာ၊ စုစုပေါင်းရာထူး (၃၅၅) နေရာ** တိုးချဲ့၍ အရာထမ်းရာထူး (၁၉၅၄) နေရာ၊ အမှုထမ်းရာထူး (၂၂၃၃၃) နေရာ၊ စုစုပေါင်းရာထူး (၂၄၃၈၇) နေရာဖြင့် တိုးချဲ့ပြင်ဆင် ဖွဲ့စည်းလိုက်သည်-

| စဉ် | တိုးချဲ့ဖွဲ့စည်းမည့်ဌာန | ဖွဲ့စည်းပုံအင်အား | | |
|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
| (က) | စိုက်ပျိုးရေးသိပ္ပံကျောင်း (ဟုမ္မလင်း) | ၁၄ | ၁၁၆ | ၁၃၀ |
| (ခ) | မတူပီခရိုင်၊ (ခ) အဆင့်ခရိုင်ရုံး | ၅ | ၂၇ | ၃၂ |
| (ဂ) | ကောလင်းခရိုင်၊ (ခ)အဆင့်ခရိုင်ရုံး | ၅ | ၂၇ | ၃၂ |
| (ဃ) | စိုက်ပျိုးပညာပေးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ရေဆင်း) | ၁၁ | ၇၀ | ၈၁ |
| (င) | ရိတ်သိမ်းချိန်လွန်နည်းပညာသုတေသနဌာန (ရေဆင်း) | ၁၃ | ၆၇ | ၈၀ |
| | **စုစုပေါင်းတိုးချဲ့အင်အား** | **၄၈** | **၃၀၇** | **၃၅၅** |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၂/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရုံးချုပ်)၊ စက်မှု/လျှပ်စစ် (၁) ဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဟန်သိန်းမောင် အား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့အထိ ၎င်း၏ သက်ပြည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၉၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ စာရင်းကိုင် (၁) (၂၄) ဦးတို့အား ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၀)၏ သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (ငွေစာရင်း) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်မြင့်မြင့်အေး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ခ) | ဒေါ်ခင်မြင့်ကြည် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဂ) | ဒေါ်သင်းသင်းကြည် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဃ) | ဒေါ်အေးအေးမြင့် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (င) | ဒေါ်ဝင်းဝင်းချို | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (စ) | ဒေါ်စန်းစန်းလွင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဆ) | ဒေါ်မွှေးမွှေးလှိုင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဇ) | ဒေါ်ရီရီခိုင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဈ) | ဒေါ်သန်းသန်းထွေး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ည) | ဒေါ်သီရီဝင်း | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဋ) | ဒေါ်အေးသီတာမိုး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဌ) | ဒေါ်တင်မာလွင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဍ) | ဦးသက်နိုင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |

| စဉ် အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|
| (ပ) ဒေါ်ခင်ချိုမြင့် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဏ) ဒေါ်လေးလေးမော် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (တ) ဒေါ်မီမီတင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ထ) ဒေါ်နီလာမြင့် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဒ) ဦးမြင့်ခိုင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဓ) ဒေါ်ခေါန်အောင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (န) ဒေါ်နွယ်နွယ်ဝင်း | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ပ) ဦးအောင်ကြည်စိုး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဖ) ဒေါ်နော်ခလယ်ဖော | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဗ) ဦးဉာဏ်လင်းဦး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဘ) ဦးတင်မောင်ဝင်း | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၁၇/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၃/၆-၃(၁၁)/(၁၄၆၁) မူဝါဒပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၀၂၀/၆၆၉-မြေတိုင်း/အဖရ (၂၀၁၉) ပါ အတည်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်ရှိ ကလေးမြို့အား ရပ်ကွက် (၂၀) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်၍ မြို့မြေစီမံခန့်ခွဲမှုကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန်၊ မြေရှင်ပုဂ္ဂိုလ်အသီးသီးအနေဖြင့် ဥပဒေအရ ခိုင်မာမှုရှိစေရန်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအတွက် မြေငှားခများ တိုးတက်ရရှိစေရန်၊ မြေယာဆိုင်ရာ စည်းကမ်းဖောက်ဖျက်မှုများ၊ မြေယာပြဿနာများ လျော့နည်းသွားစေရန်၊ လူတစ်ဦးချင်း မြေယာပိုင်ဆိုင်မှု၊ မြေအသုံးချမှုများနှင့်ပတ်သက်၍ တည်ဆဲနေ့အထိ အခြေအနေအား စာရင်းမြေပုံများ စနစ်တကျ ထူထောင်ထားရှိရန် စသည့်လုပ်ငန်းကိစ္စများဆောင်ရွက်ရန် လိုအပ်နေပါသဖြင့် ကလေးမြို့နယ်တွင် ကျေးရွာတစ်ရွာ မြေငှားဂရန်ထုတ်ပေးရေးစီမံချက်နှင့်အညီ မြို့မြေများအား မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မြို့မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေ** အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ ကလေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ( ၂၂၇/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက်)

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ရေနံလက်ယက်တွင်းဆိုင်ရာနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ဆိုသည်။

(ခ) **ကော်မတီ** ဆိုသည်မှာ ဤနည်းဥပဒေအရ ဝန်ကြီးဌာနက ဖွဲ့စည်းထားသည့် ရေနံလက်ယက်တွင်း လုပ်ငန်းစစ်ဆေးရေးကော်မတီကို ဆိုသည်။

(ဂ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤနည်းဥပဒေအရသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ဖွဲ့စည်းထားသည့် ရေနံလက်ယက်တွင်းလုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ဃ) **လျှောက်ထားသူ** ဆိုသည်မှာ ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသော မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

**အခန်း (၂)**

**လုပ်ကွက်နှင့် လိုင်စင်လျှောက်ထားခြင်း**

၃။ လျှောက်ထားသူသည် မိမိလုပ်ကိုင်လိုသည့် လုပ်ကွက်နှင့် ယင်းလုပ်ကွက်၏ မြေပုံညွှန်းများနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့၏ ထောက်ခံချက်တို့ကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့မှတစ်ဆင့် ပုံစံ (၁) ဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၄။ လျှောက်ထားသူသည် လုပ်ကွက်တစ်ကွက်လျှင် အနည်းဆုံးဧရိယာ ၅ ဧကမှ အများဆုံး ၅၀ဧက အထိသာ လျှောက်ထားရမည်။

၅။ လိုင်စင်လျှောက်ထားရာတွင် လုပ်ကွက်တစ်ခုအတွက် လိုင်စင်တစ်ခုလျှောက်ထားရမည်ဖြစ်ပြီး အများဆုံးလုပ်ကွက်နှစ်ခုအထိ လျှောက်ထားနိုင်သည်။

၆။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် လျှောက်လွှာများကို စိစစ်ရာတွင်

နည်းဥပဒေခွဲ (က) ပါအချက်များနှင့် လွတ်ကင်းမှု ရှိ မရှိနှင့် နည်းဥပဒေခွဲ (ခ) ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်-

(က) လွတ်ကင်းမှု ရှိ မရှိ စိစစ်ရမည့်အချက်များ

(၁) သစ်တောကြိုးဝိုင်း၊

(၂) သာသနာ့နယ်မြေ၊

(၃) ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊

(၄) လမ်းမြေ၊ ရွာမြေ၊ သင်္ချိုင်းမြေ၊

(၅) စိုက်ပျိုးမြေများ၊

(၆) မြေရိုင်းစိုက်ပျိုးခွင့်ပြုမိန့်ရရှိပြီးနယ်မြေများ၊

(၇) နိုင်ငံတော်စီမံကိန်းများ၊

(၈) မဟာဓာတ်အားလိုင်း၊

(၉) ဆက်သွယ်ရေးတယ်လီဖုန်းလိုင်း၊ မြေအောက် Cable လိုင်း၊

(၁၀) သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ ရေနံပိုက်လိုင်း၊

(၁၁) ခွင့်ပြုထားပြီးဖြစ်သည့် ရေနံလက်ယက်တွင်းလုပ်ကွက်များ၊

(၁၂) တပ်မြေဧရိယာများ၊

(၁၃) မြို့မြေ၊ ရေနံမြေ၊ ရတနာမြေ၊ သတ္တုတွင်းမြေ၊ မီးရထားမြေ။

(ခ) သတ်မှတ်ချက်များ

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊

(၂) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများ၊

(၃) လုပ်ကွက်မြေနေရာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ကွက်တည်ရှိရာဒေသရှိ မြို့နယ်နှင့် ခရိုင်အဆင့်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့၏ ထောက်ခံချက်၊

(၄) လုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေး၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသည့် စည်းကမ်း သတ်မှတ်ချက်များ၊

(၅) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သည့် ရေနံလက်ယက်တွင်းဆိုင်ရာ သတ်မှတ်ချက်များ။

၇။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် လျှောက်ထားသူ၏ လျှောက်လွှာများကို နည်းဥပဒေ ၆ ပါ သတ်မှတ်ချက်များအပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်မှု ရှိ မရှိနှင့် လုံခြုံရေးအရ ခွင့်ပြုနိုင်မှု ရှိ မရှိတို့ကိုပါ စိစစ်ပြီး ထောက်ခံကြောင်း သို့မဟုတ် ကန့်ကွက်ကြောင်း မိမိ၏ သဘောထား မှတ်ချက်နှင့်အတူ လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှ နှစ်လအတွင်း ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

၈။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၇ အရ တင်ပြလာသော လျှောက်လွှာကို လက်ခံရရှိသည့်အခါ လျှောက်ထားချက်ကို စိစစ်၍လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကို တောင်းခံနိုင်သည်။

၉။ ဝန်ကြီးဌာနသည် လုပ်ကွက်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်နေသော ရေနံမြေများ၊ ဝန်ကြီးဌာနနှင့် ရေနံကုမ္ပဏီများ စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရန် သတ်မှတ်ထားသော သို့မဟုတ် သတ်မှတ်ရန်လျာထားသော လုပ်ကွက်ဧရိယာများနှင့် လွတ်ကင်းမှု ရှိ မရှိ စိစစ်ရမည်။

၁၀။ ဝန်ကြီးဌာန၏ စိစစ်ချက်အရ လျှောက်ထားချက်သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ထောက်ခံမှုမရှိလျှင်သော်လည်းကောင်း ငြင်းပယ်ပါက ငြင်းပယ်ရသည့်အကြောင်းရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ အကြောင်းပြန်ကြားရမည်။

၁၁။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ဝန်ကြီးဌာန၏ ငြင်းပယ်ကြောင်းအကြောင်းကြားစာကို ရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း လျှောက်ထားသူသို့ အကြောင်းကြားရမည်။

၁၂။ ဝန်ကြီးဌာနသည် စိစစ်ချက်အရ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ယင်းလုပ်ကွက်ကို ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်တင်ပြဆောင်ရွက်ရမည်။

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ကိုရရှိလျှင် ဝန်ကြီးဌာနသည် ယင်းလုပ်ကွက်အတွက် တစ်နှစ်သက်တမ်းရှိသော လိုင်စင်ကို ပုံစံ (၂) ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၄။ လုပ်ကိုင်ခွင့်ရသူသည် လိုင်စင်ကို သက်တမ်းတိုးသည့်အခါ ယခင်နှစ်အတွက် အခွန်ကြွေးကျန်ကင်းရှင်းကြောင်း အထောက်အထားနှင့်အတူ မူလလိုင်စင်လျှောက်ထားသည့် နည်းလမ်းအတိုင်း ပုံစံ (၁) ဖြင့် လျှောက်ထားရမည်။

၁၅။ ဝန်ကြီးဌာနသည် စိစစ်ချက်အရ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက တစ်နှစ်သက်တမ်းရှိသော သက်တမ်းတိုးလိုင်စင်ကို ပုံစံ (၃) ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၆။ လျှောက်ထားသူသည် လိုင်စင်လျှောက်ထားခြင်းအတွက် လျှောက်လွှာကြေး ကျပ် တစ်သိန်းပေးသွင်းပြီး ခွင့်ပြုချက်ရရှိပါက လိုင်စင်ကြေး ကျပ် သုံးသိန်းကို ဝန်ကြီးဌာနသို့ ပေးသွင်းရမည်။

၁၇။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် သက်တမ်းတိုးလိုင်စင် လျှောက်ထားခြင်းအတွက် လျှောက်လွှာကြေး ကျပ် တစ်သိန်းပေးသွင်းပြီး ခွင့်ပြုချက်ရရှိပါက လိုင်စင်ကြေး ကျပ် နှစ်သိန်းကို ဝန်ကြီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၃)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၈။ ဝန်ကြီးဌာနသည် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား လိုင်စင်ထုတ်ပေးရာတွင် လိုင်စင်စည်းကမ်းချက်များ နောက်ဆက်တွဲ (က) နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့် အချက်များ နောက်ဆက်တွဲ (ခ) တို့ကို လိုင်စင်နှင့်အတူ ထုတ်ပေးရမည်။

၁၉။ ဝန်ကြီးဌာနသည် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးရန် ဝန်ကြီးဌာနနှင့် ယင်း၏ကြီးကြပ်မှုအောက်ရှိ သက်ဆိုင်ရာဦးစီးဌာနနှင့် လုပ်ငန်းဌာနတို့မှ ပုဂ္ဂိုလ်များပါဝင်သည့် ရေနံလက်ယက်တွင်းလုပ်ငန်း စစ်ဆေးရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်း၍ ယင်းကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်-

| | | |
|---|---|---|
| (က) | ဒုတိယအမြဲတမ်းအတွင်းဝန် (စွမ်းအင်)<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း | ဒုတိယဥက္ကဋ္ဌ |

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အထွေထွေစီမံခန့်ခွဲရေးဌာနခွဲ
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

(င) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စီမံကိန်းနှင့် စီးပွားရေးရာစီမံခန့်ခွဲရေးဌာနခွဲ
ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန

(စ) အထွေထွေမန်နေဂျာ (သက်ဆိုင်ရာဒေသရေနံမြေ) အဖွဲ့ဝင်
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

(ဆ) ဒုတိယညွှန်ကြားရေးမှူး (ဥပဒေ) အဖွဲ့ဝင်
စီမံရေးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

(ဇ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
ရှာဖွေရေးနှင့်ဖွံ့ဖြိုးရေးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

၂၀။ ကော်မတီသည်-

(က) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ဆောင်ရွက်လျက်ရှိသည့် ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ မရှိ တစ်နှစ်လျှင် နှစ်ကြိမ်ပုံမှန် စစ်ဆေးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကွင်းဆင်းစစ်ဆေးရာတွင် တစ်ကြိမ်နှင့် တစ်ကြိမ် အနည်းဆုံး လေးလခြား၍ ကွင်းဆင်းစစ်ဆေးရမည်။ လိုအပ်ပါက အခါအားလျော်စွာ သွားရောက်စစ်ဆေးနိုင်သည်။

(ဂ) ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို စစ်ဆေးပြီးသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရမည်။

၂၁။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၂၃ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ ဦးစားပေးစိစစ်ဆောင်ရွက်၍ လုပ်ကိုင်ခွင့်ပြုပါက လုပ်ကွက်နှင့်စပ်လျဉ်း၍ ကျန်ရှိသည့် သက်တမ်းကာလအတွက် လျှောက်လွှာကြေး ကျပ် တစ်သိန်းမှအပ လိုင်စင်ကြေးထပ်မံ ကောက်ခံခြင်းမပြုဘဲ လိုင်စင်ထုတ်ပေးရမည်။

## အခန်း (၄)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်အရေးယူနိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦး နှင့် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များအပါအဝင် အနည်းဆုံးအဖွဲ့ဝင် ငါးဦးပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ ဥပဒေနှင့်အညီ ယင်းအဖွဲ့၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၂၃။ ပြည်ထောင်စုအစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ဆောင်ရွက်နေသော လုပ်ကွက်မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေနှင့် အညီ ပြန်လည်သိမ်းယူလိုက်သည့်အတွက် အခြားသင့်လျော်သည့် နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့် ရရှိနိုင်ရန် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ပြန်လည်လျှောက်ထားလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် ယင်းလျှောက်ထားချက်အပေါ် ဦးစားပေးစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ဆောလျင်စွာ တင်ပြစေရမည်။

၂၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့်ရေနံအတွက် ခိုင်ကြေးအဖြစ် ရေနံစိမ်း ၄၀ ဂါလန်လျှင် တစ်ရာကျပ်နှုန်းဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူထံမှ ကောက်ခံရမည်။ မြေငှားရမ်းခနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိတို့ဒေသအလိုက် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ရမည်။ အဆိုပါ ခိုင်ကြေးနှင့် မြေငှားရမ်းခတို့ကို နှစ်နှစ်လျှင်တစ်ကြိမ် ပြန်လည်ပြင်ဆင် သတ်မှတ်နိုင်သည်။

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ရေနံလက်ယက်တွင်းမှ သဘာဝဓာတ်ငွေ့ ထွက်ရှိကြောင်းသိရှိရပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြရမည်။

## အခန်း (၅)
## လုပ်ငန်းလုပ်ကိုင်ခွင့်ရသူလိုက်နာရမည့်စည်းကမ်းများ

၂၆။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လုပ်ကွက်အတွင်း ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံ လက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းမှအပ အခြားမည်သည့်လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

၂၇။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလက်ယက်တွင်း တစ်တွင်းနှင့်တစ်တွင်း အကွာအဝေးအား အနည်းဆုံး ပေ ၁၀၀ ထားရှိရမည်။

၂၈။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံ ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ယင်းဒေသ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှုအနည်းဆုံး ဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမဖြစ်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလက်ယက်တွင်းတူးဖော်ခြင်း၊ ရေနံလက်ယက်တွင်းမှ ရေနံ ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့် ထုတ်ယူရရှိသည့် ရေနံနမူနာတစ်လီတာကို လုပ်ကွက်နှင့် အနီးဆုံးဒေသရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေနံမြေအထွေထွေမန်နေဂျာထံသို့ စာရင်းဇယားနှင့် မှတ်တမ်းတင်ထိန်းသိမ်းထားရှိနိုင်ရန် ရေနံစတင်ထုတ်လုပ်သည့်နေ့မှ ခုနစ်ရက်အတွင်း သတ်မှတ်ချက်နှင့်အညီ ပေးအပ်ရမည်။

၃၀။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည်-

(က) ပြည်ထောင်စုအစိုးရက အများပြည်သူ အကျိုးစီးပွားအလို့ငှာ လိုအပ်၍ ၎င်းလုပ်ကိုင် ဆောင်ရွက် နေသော လုပ်ကွက်မြေဧရိယာ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေနှင့် အညီ ပြန်လည်သိမ်းယူပါက လုပ်ကွက်မြေအား မူလအနေအထားအတိုင်း အနီးစပ်ဆုံးဖြစ်စေရန် ပြန်လည်ပြုပြင်၍ သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့သို့ ပြန်လည်အပ်နှံရမည်။

(ခ) သိမ်းဆည်းခံရသည့်နေ့မှ ရက် ၃၀ အတွင်း အခြားသင့်လျော်သည့်နေရာ တစ်ခုခုကို အစားထိုး လုပ်ကိုင်ခွင့်ရရှိနိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ ပြန်လည်လျှောက်ထားနိုင်သည်။

၃၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည်-

(က) သတ်မှတ်ထားသော အရည်အသွေးပြည့်မီသည့် လုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုရမည်။

(ခ) ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ထားရမည်။

## အခန်း (၆)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၂။ ဝန်ကြီးဌာနသည် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် သိန်းနှစ်ဆယ်အထိ ချမှတ်ခြင်း၊

(ဂ) လိုင်စင်အား ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း-

(၁) ပထမအကြိမ် ကျူးလွန်ခြင်းအတွက် လိုင်စင်အား တစ်လကာလ ရပ်ဆိုင်းခြင်း၊

(၂) ဒုတိယအကြိမ် ကျူးလွန်ခြင်းအတွက် လိုင်စင်အား နှစ်လကာလ ရပ်ဆိုင်းခြင်း၊

(၃) တတိယအကြိမ် ကျူးလွန်ခြင်းအတွက် လိုင်စင်အား သုံးလကာလ ရပ်ဆိုင်းခြင်း။

(ဃ) လိုင်စင်အား ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၃၃။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည်-

(က) ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်တာဝန်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့်စည်းကမ်းချက်များကို ဖောက်ဖျက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူကို ဒဏ်ကြေးငွေပေးဆောင်စေသည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရာ၌ သတိပေးခြင်းဖြစ်စေ၊ ဒဏ်ကြေးငွေအနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် သိန်းနှစ်ဆယ်အထိ ချမှတ်ခြင်းဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဒဏ်ကြေးငွေချမှတ်ခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်သည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

(ဂ) တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား ယင်း၏လိုင်စင်ကို ရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသင့်ကြောင်း ပေါ်ပေါက်ပါက သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ အမြန်တင်ပြရမည်။

## အခန်း (၇)
## အထွေထွေ

၃၄။ လုပ်ကွက်ပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေးတစ်စုံတစ်ရာရှိသူက လုပ်ကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကန့်ကွက်လိုသူသည် လုပ်ကွက်တည်ရှိရာဒေသ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး

အဖွဲ့ထံသို့ ကန့်ကွက်ချက်အား အထောက်အထားပြုသည့် စာရွက်စာတမ်းများနှင့်အတူ တင်ပြလျှောက်ထားရမည်။

( ခ ) ကန့်ကွက်ချက်ကို လက်ခံရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ကန့်ကွက်စာကို လက်ခံရရှိသည့်နေ့ရက်မှ အလုပ်လုပ်ရက် ၅ ရက်အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရသူထံ ကန့်ကွက်ချက်အား အကြောင်းကြားရမည်။

( ဂ ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အကြောင်းကြားသည့်ရက်မှ ခြောက်လအတွင်း ကန့်ကွက်ချက်အား ဖြေရှင်းရမည်။

( ဃ ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ဖြေရှင်းချက်ရလဒ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ အမြန်ဆုံးပြန်လည်တင်ပြရမည်။

( င ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် အထက်အပိုဒ်ခွဲ (ဃ) အရ တင်ပြလာသည့် ဖြေရှင်းချက်ရလဒ်ကို စိစစ်၍ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ အမြန်ဆုံး တင်ပြရမည်။

၃၅။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအနေဖြင့် လုပ်ကွက်နှင့်စပ်လျဉ်းသည့် ကန့်ကွက်ချက်ကို ခြောက်လအတွင်း ပြီးပြတ်အောင်ဖြေရှင်းနိုင်ခြင်းမရှိလျှင် ဝန်ကြီးဌာနသည် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား ထုတ်ပေးထားသည့် လိုင်စင်ကို ရုပ်သိမ်းနိုင်သည်။

၃၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် မိသားစုတစ်စု သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် လက်ဝါးကြီးအုပ်လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပေါ်ပေါက်စေရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က လိုအပ်သည့်အစီအမံများချမှတ်၍ ကြီးကြပ်ဆောင်ရွက်ရမည်။

၃၇။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ရန်ပုံငွေလက်ခံရရှိမှု၊ ထိန်းသိမ်းမှု၊ ထုတ်ယူသုံးစွဲမှု၊ စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရမည်။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အတည်ပြုချက်နှင့်အညီ ရန်ပုံငွေထုတ်ယူသုံးစွဲခြင်းကို ဆောင်ရွက်ရမည်။

၃၈။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ရန်ပုံငွေလက်ခံခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ စာရင်းစာအုပ်များဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ဘဏ်စာရင်းဖွင့်လှစ်အပ်နှံခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူများ သိရှိစေရန် အခါအားလျော်စွာထုတ်ပြန်ကြေညာခြင်း၊ အဖွဲ့အတွင်းစာရင်းစစ်ခန့်ထား၍ ရန်ပုံငွေကို စစ်ဆေးစေခြင်းတို့ကို ဆောင်ရွက်ရမည်။

၃၉။ သက်ဆိုင်ရာစာရင်းစစ်အဖွဲ့က ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ ဆောင်ရွက်ချက်များကို စစ်ဆေးသည့်အခါ စစ်ဆေးခံရမည်။

ဝင်းခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

**နောက်ဆက်တွဲ (က)**

**လိုင်စင်စည်းကမ်းချက်များ**

(က) ရေနံလက်ယက်တွင်း တူးဖော်ရာတွင် အများဆုံးအနက်ပေ ၁၀၀၀ (ပေတစ်ထောင် တိတိ) အထိသာ တူးဖော်ရန်၊

(ခ) လုပ်ကွက်ဧရိယာအတွင်းရှိ တွင်း ၁ တွင်း သို့မဟုတ် တွင်းစုများ၏ ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝန်းခြံပြုလုပ်ခြင်း၊ ဘေးအန္တရာယ်ရှိကြောင်း အမှတ်အသားတပ်ဆင်ခြင်းဖြင့် အကာအကွယ်၊ အဟန့်အတား ပြုလုပ်ထားရန်၊

(ဂ) လုပ်ကွက်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသောကလေးလူငယ်များ၊ ကျွဲ၊ နွားတိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးသတိမှတ်ဆောင်ရွက်သွားရန်၊

(ဃ) ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရန်၊

(င) နေ့စဉ်ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများပြုစုထားရှိပြီး၊ တစ်လလျှင်တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းအား လကုန်ပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရန်၊

(စ) လျှောက်လွှာကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးကြေး၊ တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရန်၊

(ဆ) ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများအပေါ် ဥပဒေအရသတ်မှတ်ထားသည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက် ပေးဆောင်ရန်၊

(ဇ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် ကျသင့်သည့် ဝင်ငွေခွန်နှင့် အခြားအခွန်အခများကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနသို့ မပျက်မကွက် ပေးဆောင်ရမည်၊

(ဈ) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့၏ စစ်ဆေးမှုကိုခံယူရန်၊

(ည) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လိုင်စင်ခွင့်ပြုသည့်ရက်မှ သုံးလအတွင်း လက်ယက်တွင်းရေနံ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းစတင်ဆောင်ရွက်ရန်။

**နောက်ဆက်တွဲ (ခ)**

**မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ**

(က) လုပ်ကွက်အတွင်း တွင်းတစ်တွင်းနှင့်တစ်တွင်းအကြား အရေးပေါ်မီးသတ်ယာဉ်များ အလွယ်တကူ ဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ တွင်းနေရာများသတ်မှတ်ကြရန်နှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းအကြား မီးတားလမ်းများထားရှိကြရန်၊

(ခ) မီးသတ်ယာဉ်များနှင့် ပူးပေါင်း၍ ဆီမီးလောင်မှု ငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိစေရန်၊

(ဂ) လုပ်ကွက်များအတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်း မရှိသောနေရာများ၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့လျှင် အလွယ်တကူသုံးစွဲနိုင်ရန် ဓာတုဗေဒဆေးမှုန့်ခြောက်၊ မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Powder Trolley Type 50 Kg, 35 Kg) များထားရှိသွားရန်၊

(ဃ) ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) အား အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်၊

(င) လက်ယက်တွင်းလုပ်ကွက်အား သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်း၊ မီးသုံးစွဲခြင်းတို့ကို မပြုလုပ်ကြရန်နှင့် မီးသတိပေး ပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ပြည့်စုံ လုံလောက်စွာ ထားရှိကြရန်၊

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ်မီးသတ်ကိရိယာများ၊ သဲကန်များ၊ ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာ ထားရှိသွားကြရန်၊

(ဆ) ရေနံတူးဖော်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေကြရသည့် တွင်းခပ်ရေနံလုပ်သားများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ကြရန်၊

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ်အဆိုင်း ၃ ဆိုင်းဖွဲ့စည်းကာ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံး၍ လုပ်ငန်းဆောင်ရွက်စေရန်နှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ် ကြီးကြပ်နိုင်သူအနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုအား စနစ်တကျကွပ်ကဲ သွားစေရန်၊

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆ နည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ကြရန်၊

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်သွားရန် သို့မဟုတ် ပလတ်စတစ်အုပ်ထားသော သံကိုင်းများတပ်ဆင် သုံးစွဲကြရန်၊

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုကြဘဲ ပွတ်တိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အချ/အတင်ပြုလုပ်ကြရန်၊

(ဌ) ထုတ်လုပ်ရရှိလာသော ရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိရန်နှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်း ၁၀၀ ဂါလန်ထက် ပိုမိုထားရှိခြင်းမပြုရန်၊

(ဍ) ရေနံစိမ်းများသယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ကြရန်၊

(ဎ) ရေနံခပ်ရာတွင်အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့်အနည်းဆုံး ၁၅ ပေအကွာတွင်ထားရှိကြရန်နှင့် အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည် ဖြစ်ပြီး အိပ်ဇောအပေါက်ဝကို ရေနံတွင်းနှင့် ဆန့်ကျင်ဘက်အရပ်သို့ လှည့်ထားရန်။

ပုံစံ (၁)

ဓာတ်ပုံ

သို့

ပြည်ထောင်စုဝန်ကြီး

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ လ ရက်

အကြောင်းအရာ။ ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း လိုင်စင် (အသစ်/သက်တမ်းတိုး)

အောက်ဖော်ပြပါဒေသအတွင်းရှိ ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏လိုင်စင် (အသစ်/သက်တမ်းတိုး) ထုတ်ပေးပါရန် လေးစားစွာလျှောက်ထားအပ်ပါသည်။

